# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက် | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၆ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၃၃၇)


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းဘုရားစေတီများနှင့် သာသနိကအဆောက်အအုံများကို မြင်ကွင်းကျယ် ကြည့်ရှုဖူးမြော်နိုင်

ညောင်ဦး စက်တင်ဘာ ၅

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်သူများအနေဖြင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတစ်ခုလုံး မြင်ကွင်းကျယ်အနေအထားဖြင့် ကြည့်ရှုဖူးမြော်နိုင်မည်ဖြစ်ကြောင်း ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများထံမှ သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖

## ပြည်ပရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားများအနေဖြင့် မိမိတို့ရရှိသည့် လုပ်ခလစာများကို တရားဝင်လမ်းကြောင်းများမှ တစ်ဆင့် လွှဲပြောင်းပေးပို့ရန် သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ် ( ၁၀၈ /၂၀၂၄)
၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆုတ် ၉ ရက်
(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

အလုပ်သမားဝန်ကြီးဌာနသည် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေပုဒ်မ ၃၁ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မိမိတို့ရရှိသည့် လုပ်ခလစာများကို တရားဝင်လမ်းကြောင်းများမှ တစ်ဆင့် လွှဲပြောင်းပေးပို့ရန် သတ်မှတ်ခြင်း**

၁။ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများသည် ပြည်ပနိုင်ငံတွင် မိမိရရှိမည့်လုပ်ခလစာ၏ အနည်းဆုံး ၂၅ % ကို မိမိ၏မိသားစုဝင်များထံသို့ တရားဝင်ဘဏ်စနစ်ဖြင့် ဖြစ်စေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုထုတ်ပေးထားသည့် Remittance Business License (RBL) ရရှိသူများဖြင့်ဖြစ်စေ၊ ဘဏ်စနစ်ဖြင့် ချိတ်ဆက်ထားသော နိုင်ငံတကာငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများဖြင့် ဖြစ်စေ တစ်လလျှင်တစ်ကြိမ် လုပ်ခလစာ၏ ၂၅ % သို့မဟုတ် အများဆုံး ၃ လလျှင် တစ်ကြိမ် ၃ လစာ စုစုပေါင်း၏ အနည်းဆုံး ၂၅ % ကို မိမိ၏မိသားစုဝင်များထံသို့ သို့မဟုတ် မိခင်နိုင်ငံရှိ မိမိ၏ ဘဏ်စာရင်းသို့ လွှဲပြောင်းပေးပို့ရမည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✳


ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၂၄ ရက်သာ လိုတော့သည်။



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၅**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)



**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းနိုင်ရေးအတွက် “သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်အပ်နှင်းနိုင်ရေး စိစစ်ရေးအဖွဲ့”၏ ဂုဏ်အင်္ဂါအရည်အချင်းစိစစ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၅**

၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းနိုင်ရေးအတွက် “သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်အပ်နှင်းနိုင်ရေးစိစစ်ရေးအဖွဲ့”၏ ဂုဏ်အင်္ဂါအရည်အချင်းစိစစ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော် ရုံးအမှတ်(၃၁) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**စိစစ်ဆောင်ရွက်လျက်ရှိ**

ဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်ခြင်းဟူသည့် မွန်မြတ်သောအစဉ်အလာသည် မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကပင် အရာဌာနအားလျော်စွာ ထူးချွန်ထက်မြက်သည့် ဘိက္ခု၊ ဘိက္ခုနီနှင့် လူပုဂ္ဂိုလ်များကို “ဧတဒဂ်” ဘွဲ့ထူးများ ချီးမြှင့်ပေးတော်မူခဲ့ပြီး ထိုမွန်မြတ်သောအစဉ်အလာကို ထိန်းသိမ်းသောအားဖြင့် မြန်မာနိုင်ငံတွင် ရှေးဘုရင်များလက်ထက်ကတည်းက ယနေ့အချိန်ထိ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဂုဏ်အင်္ဂါအရည်အချင်းများ သတ်မှတ်ရေးဆွဲပြဋ္ဌာန်း၍ ခေတ်အဆက်ဆက် ဆက်ကပ်ချီးမြှင့်ခဲ့ကြကြောင်း၊ ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ရန်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ အဆိုပြုလျှောက်ထားလာမှုနှင့် ပတ်သက်၍ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**နောက်ကြောင်းကင်းရှင်းမှု ရှိ/မရှိ စိစစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနနှင့် သတင်းရဲတပ်ဖွဲ့တို့အနေဖြင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်ရန် လျှောက်ထားလာသည့် ရဟန်း၊ သီလရှင်တို့နှင့်ပတ်သက်၍ ဝိဝါဒါဓိကရဏ်းမှုခင်း၊ အနုဝါဒါဓိကရဏ်းမှုခင်းများကင်းရှင်းမှု ရှိ/မရှိနှင့် ဘွဲ့တံဆိပ်လျှောက်ထားလာသည့် လူပုဂ္ဂိုလ်တို့၏ ကိုယ်ရေးနောက်ကြောင်းကင်းရှင်းမှု ရှိ/မရှိတို့ကို စိစစ်ပေးရန် ဖြစ်ပါကြောင်း။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ပြည်တွင်းမှ သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့လျှောက်ထားလာသည့် လူပုဂ္ဂိုလ်တို့နှင့်ပတ်သက်၍ ၎င်းတို့အနေဖြင့် နိုင်ငံတော်သို့ ပေးဆောင်ရမည့်အခွန်ငွေများ အကျေပေးသွင်းပြီးခြင်း ရှိ/ မရှိ၊ အခြားပေးရန် ကြွေးကျန်များ ရှိ/ မရှိတို့ကို စိစစ်ပေးရန်ဖြစ်ပါကြောင်း။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနအနေဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ လျှောက်ထားလာသည့် ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်တို့နှင့်ပတ်သက်၍ နိုင်ငံသားဖြစ်မှုအခြေအနေနှင့် သာသနာဝင်စိစစ်ရေးကတ်၊ သာသနာနွယ်ဝင်စိစစ်ရေးကတ်နှင့် နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်မှု အခြေအနေတို့ကို စိစစ်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

**အချိန်မီတင်ပြနိုင်ရေးအတွက် ကြိုးစား**

ယခု ၂၀၂၅ ခုနှစ်တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ အဆိုပြုလျှောက်ထားလာသည့် အဆိုပြုစာရင်းများအနက် ပြည်တွင်းမှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်တို့၏ စိစစ်ချက်များကို အချိန်မီတင်ပြနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ပေးကြရန် အထူးမေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန တာဝန်ရှိပုဂ္ဂိုလ်တို့က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် ဦးစီးဌာနအလိုက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်အဆိုပြုလွှာများ စိစစ်ဆောင်ရွက်ထားရှိမှုအခြေအနေကို ဆွေးနွေးတင်ပြသည်။

ထို့နောက်အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနတို့က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့် အပ်နှင်းနိုင်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ စီမံဆောင်ရွက်သွားမည့် အခြေအနေတို့ကို ဆွေးနွေးတင်ပြကြသည်။

**မှန်မှန်ကန်ကန်စိစစ်ရွေးချယ်**

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် အဂတိလေးပါးကင်းရှင်းစွာဖြင့် မှန်မှန်ကန်ကန် စိစစ်ရွေးချယ်နိုင်ရေးတို့အတွက် တာဝန်ရှိသူအားလုံးတို့က သာသနာတော်နှင့် ပြည်သူလူထုအပေါ်မှာ တာဝန်ထမ်းဆောင်ရင်းဖြင့် ကုသိုလ်ပြုကြပါရန် တိုက်တွန်းပြောကြားပြီး ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*ရှေ့ဖုံးမှ

၂။ အပိုဒ် ၁ ပါ နည်းလမ်းများအတိုင်း မိမိ၏မိသားစုဝင်များထံသို့ တရားဝင်လွှဲပို့ထားသော မိသားစုလွှဲပို့ငွေများကို တည်ဆဲဥပဒေများနှင့်အညီ ဝင်ငွေရလမ်းဖော်ပြနိုင်သောငွေအဖြစ် ခံစားခွင့်ရရှိနိုင်ရေး တရားဝင်လွှဲပြောင်းပေးပို့ခဲ့သည့် အထောက်အထားစာရွက်စာတမ်းများကို သေချာစွာသိမ်းဆည်းထားရမည်။

၃။ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများမှ တစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေသည့် အလုပ်သမားများသည် အပိုဒ် ၁ ပါနည်းလမ်းများအတိုင်း တရားဝင်ငွေလွှဲပေးပို့ထားသည့် အထောက်အထားများကို မိမိအား တာဝန်ယူစေလွှတ်ခဲ့သည့် အေဂျင်စီထံသို့ မပျက်မကွက်မိတ္တူပေးပို့ရမည်။

၄။ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများသည် မိမိစေလွှတ်ခဲ့သည့် အလုပ်သမားများအား တရားဝင်ငွေလွှဲပြောင်းပေးပို့ရာတွင် လွယ်ကူ၊ မှန်ကန်၊ မြန်ဆန်စေရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရမည့်အပြင် အလုပ်သမားများမှ လစဉ်လွှဲပို့သည့် အထောက်အထားများကို အလုပ်သမားဝန်ကြီးဌာနသို့ လချုပ်အဖြစ် အထောက်အထားများ ပူးတွဲလျက် မပျက်မကွက် တင်ပြရမည်။

၅။ ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အပိုဒ် ၁ ပါ နည်းလမ်းများအတိုင်း မိမိ၏မိသားစုဝင်များထံသို့ မိသားစုလွှဲပို့ငွေ လွှဲပြောင်းပေးပို့ရန် ပျက်ကွက်သည်ကို စိစစ်တွေ့ရှိရပါက ပြည်ပသို့ အလုပ်ဖြင့်ထွက်ခွာမှုကို ကာလအကန့်အသတ်ဖြင့် ပိတ်ပင်ခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (Overseas Worker Identification Card – OWIC) ထုတ်ပေးမှုမပြုခြင်း၊ နိုင်ငံကူးလက်မှတ်သက်တမ်းတိုးမြှင့်ခွင့်မပြုခြင်းစသည်တို့အပြင် လိုအပ်သလို စိစစ်အရေးယူဆောင်ရွက်ခြင်းခံရမည်ဖြစ်သည်။

၆။ ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မိမိ၏မိသားစုဝင်များထံသို့ ငွေလွှဲပို့ရာတွင် မိသားစုလွှဲပို့ငွေများကို တရားမဝင်ဟွန်ဒီလုပ်ငန်း လုပ်ကိုင်သူများမှတစ်ဆင့် ငွေလွှဲပြောင်းပေးပို့ခြင်း မပြု (မပြု)ကြရန်နှင့် တရားဝင်လမ်းကြောင်းများမှသာ လွှဲပြောင်းပေးပို့ကြရမည်ဖြစ်သည်။

မြင့်နောင်
ပြည်ထောင်စုဝန်ကြီး

# (၂၁) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (ACDFM-21) ကျင်းပပြုလုပ်



**နေပြည်တော် စက်တင်ဘာ ၅**

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၁) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (21st ASEAN Chiefs Of Defence Forces Meeting – 21st ACDFM) ကို ယနေ့နံနက်ပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ Latsavong Wanda Vista Hotel ၌ ကျင်းပပြုလုပ်သည်။

**ပါဝင်တက်ရောက်**

အဆိုပါအစည်းအဝေးသို့ မြန်မာ့တပ်မတော်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး ဦးဆောင်တက်ရောက်ပြီး ဆက်စပ်အစည်းအဝေးများဖြစ်သည့် 14th ASEAN Military Operations Meeting (14th AMOM) သို့ တက်ရောက်လျက်ရှိသည့် စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် (၂၁) ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေး (21st ASEAN Military Intelligence Meeting – 21st AMIM) သို့ တက်ရောက်လျက်ရှိသည့် ဒုတိယတပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ် မင်းသူနှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဦးစွာ (၂၁) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များအစည်းအဝေး (21st ACDFM)ဥက္ကဋ္ဌ လာအိုအမျိုးသားကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Khamlieng Outhakaisone က တက်ရောက်လာကြသည့် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ပြီး အဖွင့်မိန့်ခွန်းပြောကြားသည်။

ယင်းနောက် (၂၁) ကြိမ်မြောက် အာဆီယံတပ်မတော် ထောက်လှမ်းရေးမှူးချုပ်များအစည်းအဝေး (21st ACDFM) ဥက္ကဋ္ဌ လာအိုအမျိုးသားကာကွယ်ရေး ဝန်ကြီးဌာန စစ်ဘက်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ် Brigadier General Bouavanh Athanaxay နှင့် (၁၄)ကြိမ်မြောက် အာဆီယံတပ်မတော် စစ်ဆင်ရေးမှူးချုပ်များအစည်းအဝေး (14th AMON) ဥက္ကဋ္ဌ လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးဌာန စစ်ဆင်ရေးဌာနအကြီးအကဲ Major General Kongthong Soukhavong တို့က အစည်းဝေးရလဒ်များအား ဖတ်ကြားတင်ပြခဲ့ကြသည်။

**ပါဝင်ဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသည့် အာဆီယံနိုင်ငံတပ်မတော်များမှ ကာကွယ်ရေးဦးစီးချုပ်များနှင့် ကိုယ်စားလှယ်များက "အာဆီယံ – ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ကြံ့ကြံ့ခိုင်ရင်ဆိုင်နိုင်ရေးတို့အတွက် လက်တွဲဆောင်ရွက်ခြင်း (ASEAN– Together for Peace, Security and Resilience)" ခေါင်းစဉ်ဖြင့် နိုင်ငံအက္ခရာစဉ်အလိုက် အသီးသီးပါဝင်ဆွေးနွေးခဲ့ကြသည်။

မြန်မာ့တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက အာဆီယံ၏ အဓိကရည်မှန်းချက်နှင့် လုပ်ဆောင်ချက်များကို တွန်းအားပေး မီးမောင်းထိုးပြနေသည့် "အာဆီယံ – ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ကြံ့ကြံ့ခိုင် ရင်ဆိုင်နိုင်ရေးတို့အတွက် လက်တွဲဆောင်ရွက်ခြင်း (ASEAN– Together for Peace, Security and Resilience)" ခေါင်းစဉ်ဖြင့် အသေးစိတ်ဆွေးနွေးပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး အာဆီယံတပ်မတော်များ၏ နှစ်နှစ်တာ လုပ်ငန်းစီမံချက် (၂၀၂၄ –၂၀၂၆) {Two Years Work Plan (2024–2026} အား အတည်ပြုခြင်း၊ 21st ACDFM ၏ ပူးတွဲကြေညာချက် Joint Statement အား အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ပူးတွဲကြေညာချက် Joint Statement ကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းနောက် 21st ASEAN Chiefs of Defence Forces Meeting (21st ACDFM) ဥက္ကဋ္ဌ လာအိုအမျိုးသားကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာန အကြီးအကဲက အပိတ်မိန့်ခွန်းပြောကြားကာ (၂၂)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (22nd ACDFM) အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ဥက္ကဋ္ဌတာဝန်များနှင့် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး၏အလံ (ACDFM Flag) တို့ကို လွှဲပြောင်းပေးအပ်ခဲ့ကြပြီး အစည်းဝေးကိုအောင်မြင်စွာရုပ်သိမ်းခဲ့သည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးသည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် General Songwit Noonpackdee၊ ဗီယက်နမ် အမျိုးသားကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီး အရာရှိချုပ် Senior Lieutenant General Nguyen Tan Cuong နှင့် ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Vong Pisen တို့နှင့် သီးခြားစီ Bilateral Meeting များ တွေ့ဆုံခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။

ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး ဦးဆောင်သောကိုယ်စားလှယ် အဖွဲ့ဝင်များသည် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အတူ လာအိုအမျိုးသားကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာန အကြီးအကဲက တည်ခင်းဧည့်ခံသည့် (၂၁) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

**ပိုမိုခိုင်မာအောင်တည်ဆောက်**

အလားတူ စက်တင်ဘာ ၃ ရက်တွင် အဆိုပါဟိုတယ်၌ပြုလုပ်ခဲ့သည့် (၁၄)ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေး 14th ASEAN Military Operations Meeting (14th AMOM) အစည်းအဝေးသို့ မြန်မာ့တပ်မတော်မှ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ကိုယ်စားလှယ် အဖွဲ့ဝင်များကလည်းကောင်း၊ (၂၁) ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေး မှူးချုပ်များ အစည်းအဝေး (21st ASEAN Military Intelligence Meeting – 21st AMIM) သို့ မြန်မာ့တပ်မတော်မှ ဒုတိယတပ်မတော်စစ်ဘက်ရေးရာလုံခြုံရေး အရာရှိချုပ် ဗိုလ်ချုပ် မင်းသူနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များကလည်းကောင်း ပါဝင်တက်ရောက်၍ အာဆီယံတပ်မတော်များအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး ကတိကဝတ်များအား ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❖ *ရှေ့ဖုံးမှ*

ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ကန္တာရပင်များ၊ သစ်ပင်ချုံနွယ်များအား ညောင်ဦးခရိုင်/မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၏ စနေနေ့တိုင်း သန့်ရှင်းရေးပြုလုပ်မှု၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ သန့်ရှင်းရေးဌာနစိတ်မှ သန့်ရှင်းရေးပြုလုပ်မှု၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် Bagan Plastic Campaign အဖွဲ့သားတို့၏ စုပေါင်းအားဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် ကန္တာရတော အင်မတန်ထူထပ်သည့် ဓမ္မရာဇကဘုရားကြီးမြောက်ဘက်တစ်လျှောက်၊ မလုံးဖြစ်၊ မလာဖြစ်၊ လက်ပွတ်ကန်ဘုရားပတ်ဝန်းကျင်တို့တွင်ပါ ဘုရားဖူးခရီးသွားများ လာရောက်ဖူးမြော်နေကြပြီဖြစ်သည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဘုရားအစုအဝေးများရှိသည့် ခေမင်္ဂဘုရားအစုအဝေး၊ ဆူးလေကုန်းဘုရားအစု၊ ဝတ္ထုနတောဘုရားစု၊ ရင်မနားဘုရားစု၊ သစ္စာမဏ္ဍိုင်ဘုရားစု၊ အပါယ်ရတနာဘုရားစု၊ နဂါးရုံဘုရားတောင်ဘက်ဘုရားစု၊ ဓမ္မရာဇကဘုရား မြောက်ဘက်နှင့် အနောက်မြောက်ဘက်ရှိ ဘုရားစုများ၊ ရွှေနန်းရင်တောဘုရားစုများနှင့် အုတ်ကျောင်းတိုက်အစုအဝေးများကို ရှင်းရှင်းလင်းလင်းဖူးတွေ့နိုင်အောင် မြင်ကွင်းကျယ်အနေအထားမျိုးဖြင့် ဖူးတွေ့နိုင်မည်ဖြစ်ကြောင်း သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဘုရားဖူးများ စနေ၊ တနင်္ဂနွေနေ့များနှင့်အဖိတ်၊ ဥပုသ်နေ့များတွင် ဘုရားဖူးပိုမိုလာရောက်လျက်ရှိကြောင်း သိရသည်။

**ဒီပါလင်း**

---

# လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**ပဲခူး စက်တင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၄ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအတွင်း လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်တိုဘာ ၁ ရက်မှ စတင်ကောက်ယူတော့မည်ဖြစ်ရာ အသုံးပြုရမည့်အထောက်အကူပြုပစ္စည်းများ သတ်မှတ်နေရာသို့ အချိန်မီရောက်ရှိစေရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီအတွင်းရေးမှူးက လုပ်ငန်းစီမံချက်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်က မြေပြင်စာရင်းကောက်ကွက်များအလိုက် လုံခြုံရေးလိုက်ပါဆောင်ရွက်ပေးသွားမည့် အစီအမံများကို လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအေးမောင်ကြည်က မြေပြင်စာရင်း ကောက်ယူရေးနှင့် ရုံးလုပ်ငန်း သီးခြားဖွဲ့စည်းဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖြည့်စွက်မှာကြားသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ရှမ်းပြည်နယ်ရှိ နည်းပညာတက္ကသိုလ်(ပင်လုံ)၊ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)၊ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ကြီး) နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်လုံ)များသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၅

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ရှမ်းပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျောင်းသား ကျောင်းသူများ သင်ကြားသင်ယူဆောင်ရွက်နေကြသော သုတေသနပရောဂျက်များကို လှည့်လည်ကြည့်ရှုအားပေးသည်။**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ကြီး) သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ လာမည့်ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်သင်ကြားနိုင်ရေး လိုအပ်သည်များ မှာကြားသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် လားရှိုးဒေသရှိ တက္ကသိုလ်၊ ကျောင်းများမှ တွဲဖက်တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများနှင့် ဝန်ထမ်းများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ယမန်နေ့ နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ အစိုးရနည်းပညာအထက်တန်းကျောင်း (ပင်လုံ) ၌ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမများအနေဖြင့် စာတွေ့လက်တွေ့ပို့ချသင်ကြားရာတွင် လူငယ်လူရွယ်များ၏ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အခွင့်အလမ်းများ ပိုမိုမြင့်မားလာပြီး ဒေသအတွင်း လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန်နှင့် သတ်မှတ်အရည်အသွေး စံနှုန်းများနှင့်အညီ လေ့ကျင့်သင်ကြားပေးရန်မှာ ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)နှင့် နည်းပညာတက္ကသိုလ်(ပင်လုံ)တို့ရှိ အစည်းအဝေးခန်းမများ၌ ကျင်းပသည့် နိုင်ငံတကာ Polytechnic University များအကြောင်း ရှင်းလင်းဆွေးနွေးပွဲများသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ယာပုံ)**

ဆွေးနွေးပွဲများတွင် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနေမျိုးထွန်းက Polytechnic University နှင့်စပ်လျဉ်းသည့် သဘောသဘာဝနှင့် ဖြစ်ပေါ်လာမည့် အားသာချက်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တက္ကသိုလ်အတွင်းရှိ စာသင်ဆောင်များ၊ စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ အလုပ်ရုံများ၊ တက္ကသိုလ်ဘောလုံးကွင်း တည်ဆောက်နေမှုနှင့် တက္ကသိုလ်ဝင်းအတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အုပ်စု(ခ) နောက်ဆုံးပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၅**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ် နိုင်ငံတော်အတွက် အဓိက စွမ်းအားစုဖြစ်သည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များကို အားကစားကဏ္ဍ အပါအဝင် ဘက်စုံ၊ ကဏ္ဍစုံတွင် နိုင်ငံ၏ သားကောင်း သမီးကောင်းများ ဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပသည့် ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ၏ အုပ်စု (ခ) နောက်ဆုံးပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။





ကွင်းအမှတ်(၁) တွင် ပညာရေးဝန်ကြီးဌာန အသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာန အသင်းက ကျန်းမာရေးဝန်ကြီးဌာန အသင်းကို ခြောက်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အဆိုပါအသင်းများ ယှဉ်ပြိုင်ကစားနေမှုကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

အုပ်စုပွဲစဉ်များ အပြီးတွင် အုပ်စု(က)မှ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ အုပ်စု(ခ)မှ နယ်စပ်ရေးရာဝန်ကြီးဌာန အသင်း၊ ပညာရေးဝန်ကြီးဌာနအသင်းတို့ အကြိုဗိုလ်လုပွဲသို့ တက်ရောက်ကြပြီး အကြိုဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ ၇ ရက် နံနက် ၇ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းရှိလေ့ကျင့်ရေးကွင်း အမှတ်(၁)၌ ပထမပွဲစဉ်အဖြစ် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အသင်းနှင့် ပညာရေးဝန်ကြီးဌာန အသင်း၊ ဒုတိယပွဲစဉ်အဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အမရပူရမြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကျင်းပ

**အမရပူရ စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာ ဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ အင်ဂျင်စွမ်းအားသုံး ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့နံနက်က တမုတ်ဆိုးကျေးရွာအုပ်စု ဂျိုရွာကျေးရွာ၊ ကွင်းအမှတ် (၅၇၀-ခ)၊ ပေါက်အင်းကွင်း၊ ဦးပိုင်အမှတ်(၄၆/၁) ရှိ တောင်သူ ဦးမြင့်မောင်၏ လယ်မြေသုံးဧကအတွင်း၌ ကျင်းပသည်။



အဆိုပါ သရုပ်ပြပွဲတွင် မန္တလေးစက်မှုဇုန်၊ ဖွန်ငါးပွင့်စက်မှုလက်မှုလုပ်ငန်း (စိန်ပန်းအဖွဲ့) မှ ထုတ်လုပ်သည့် အင်ဂျင်စွမ်းအားသုံး ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်၏ စက်မှုပိုင်းဆိုင်ရာ အချက်အလက်များကို မြို့နယ်ဦးစီးမှူး ဦးသွယ်မောင်မောင်ထွန်းက အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမိုးဆွေရည်က အကျိုးတူ တောင်သူများအား ဓာတ်မြေဩဇာများ ဖြန့်ဝေပေးခဲ့ပြီး ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးဇော်ဝင်းက ရေပေးဝေနိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားကာ ကျေးရွာ ငါးရွာမှ ဒေသခံတောင်သူများ စုစုပေါင်း ၃၇ ဦး လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **စိုးသီဟ(အမရ)**

# ဥတ္တရသီရိမြို့နယ်၌ မိုးမြေပဲအထူးအထွက်တိုး စံပြကွက်ရိတ်သိမ်းပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် တက်သိမ်းကျေးရွာ၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးမြေပဲ အထူးအထွက်တိုး စံပြကွက်ရိတ်သိမ်းပွဲကို စက်တင်ဘာ ၃ ရက်က တောင်သူ ဦးရွှေငြိမ်း၏ ကွင်းအမှတ် (၁၈၉၉) စံပြကွက်စိုက်ခင်း နှစ်ဧက၌ ကျင်းပသည်။

အဆိုပါရိတ်သိမ်းပွဲသို့ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးစိုးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးနိုင်နှင့် ဝန်ထမ်းများနှင့် တောင်သူများတက်ရောက်ကြပြီး မြေပဲမျိုးရေဆင်း (၁၆) တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း အစို ၁၃၂ တင်း ထွက်ရှိပြီး၊ ဆင်းပဒေသာ (၁၁)တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း အစို ၁၂၄ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ပြန်/ဆက်)**



# ကျိုင်းတုံပညာရေးဒီဂရီကောလိပ်၌ ဥပဒေပညာပြန့်ပွားရေးသင်တန်းဖွင့်

**ကျိုင်းတုံ စက်တင်ဘာ ၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ဥပဒေရုံးနှင့် ကျိုင်းတုံပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်းကျင်းပသည့် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ် (၅/၂၀၂၄) သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၄ ရက်က ကျိုင်းတုံပညာရေး ဒီဂရီကောလိပ် ပညာဗိမာန်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဦးဝင်းမောင်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ကျိုင်းတုံပညာရေး ဒီဂရီကောလိပ်မှ သင်တန်းသား သင်တန်းသူ ၁၇၈ ဦး တက်ရောက်ပြီး စက်တင်ဘာ ၄ ရက်မှ ၆ ရက်အထိသင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**


# အမေရိကန် အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ဂျိတ်ဆူလီဗန်၏ တရုတ်နိုင်ငံခရီးစဉ်အပေါ် သုံးသပ်ချက်

ကိုကိုလှိုင်

**အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ဂျိတ်ဆူလီဗန်သည် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ တရုတ်နိုင်ငံသို့ အလုပ်သဘော သွားရောက်ခဲ့သည်။ ဆူလီဗန်၏ ခရီးစဉ်တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိ၊ တရုတ်သမ္မတရှီကျင့်ဖျင်နှင့် တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ဇန်ယူရှာတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။**

အမေရိကန်နိုင်ငံတွင် အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်ဆိုသည်မှာ သမ္မတကိုယ်တိုင်က အထူးယုံကြည်စိတ်ချ၍ ရွေးချယ်ခန့်အပ်တာဝန်ပေးထားသူဖြစ်ပြီး 'ဟင်နရီကစ်ဆင်းဂျား' ကဲ့သို့ ပြည်တွင်းသာမက နိုင်ငံတကာအထိပါ ဩဇာကြီးမားသူများ ဖြစ်လေ့ရှိသည်။ ဂျိတ်ဆူလီဗန်မှာလည်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ဒုတိယသမ္မတဘဝကပင် ဒုတိယသမ္မတ၏ အမျိုးသားလုံခြုံရေး အကြံပေးအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သဖြင့် ဂျိုးဘိုင်ဒင်၏ လူယုံတစ်ဦးဟုလည်း ဆိုနိုင်သည်။

ဂျိတ်ဆူလီဗန်၏ တရုတ်နိုင်ငံ ခရီးစဉ်မှာ အမေရိကန် အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်တစ်ဦး၏ ရှစ်နှစ်ကာလအတွင်း ပထမဆုံး တရုတ်ခရီးစဉ်ဖြစ်ခဲ့ပြီး တရုတ်သမ္မတ ရှီကျင့်ဖျင်ကိုယ်တိုင် (မူလအစီအစဉ်တွင် မပါရှိဘဲ) ဆူလီဗန်ကို လက်ခံတွေ့ဆုံခဲ့သဖြင့် အရေးပါသော သံခင်းတမန်ခင်း ကြိတ်ဝိုင်း (Quiet Diplomacy) ခရီးစဉ်တစ်ခုဖြစ်မည်ဟု သုံးသပ်ရပါသည်။



တရုတ်နိုင်ငံ သမ္မတရှီကျင့်ဖျင်က အမေရိကန်နိုင်ငံ အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ဆူလီဗန်အား မြို့တော်ပေကျင်းရှိ ပြည်သူ့ခန်းမဆောင်၌ ၂၀၂၄ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် လက်ခံတွေ့ဆုံစဉ်။ (ဆင်ဟွာ)

အမေရိကန်နိုင်ငံသည် ယခုအချိန်အထိ ကမ္ဘာ့နံပါတ်တစ် မဟာအင်အားကြီးနိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံမှာလည်း ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့ဦးဆောင်နိုင်ငံ ဖြစ်လာစေရေး မျှော်မှန်းထားကာ နှစ်ဦးနှစ်ဖက် အားပြိုင်နေကြသည်ဖြစ်ရာ **"ချိုသွေးနေသည့် ကျွဲပေါက်နှင့် ကျွဲအုပ်ခေါင်းဆောင် ကျွဲအိုကြီးတို့ နန်းလုပွဲ"**ဟု ဆိုနိုင်သည့် သူစီးဒီးစ်ထောင်ချောက် (Thucydides Trap)မှာ လွဲရှောင်၍မရနိုင်ဘဲ မလွဲမသွေဖြစ်လာလိမ့်မည်ဟု လေ့လာသူများက မှန်းဆလျက်ရှိကြသည်။ ဤအနေအထားတွင် ဆူလီဗန်၏ ခရီးစဉ်မှာ မည်သို့သော ရည်ရွယ်ချက်များဖြင့် သွားရောက်ခဲ့သည်၊ မည်သည့်အချက်အလက်များကို ဆွေးနွေးခဲ့ကြပြီး မည်ရွေ့မည်မျှ ပေါက်မြောက်အောင်မြင်ခဲ့သည်ဆိုသော အချက်အလက်များမှာ အရေးပါလျက်ရှိလေသည်။

> **❑ နှစ်ဖက်အခြေခံ အကျိုးစီးပွားချင်း မတူသော ဒေသတွင်းနိုင်ငံများနှင့် ပတ်သက်သည့်ကိစ္စများတွင်လည်း မည်သို့မျှ သဘောတူညီမှုရနိုင်စရာ မရှိခဲ့ပေ။ တရုတ်ဘက်က အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးခိုင်မြဲအောင် ကြိုးပမ်းနေချိန်တွင် အမေရိကန်ဘက်ကလည်း တရုတ်နှင့် ရင်းနှီးသောနိုင်ငံများကို ဖိအားပေးနေခြင်းကြောင့် လားရာဘက်ချင်း ဆန့်ကျင်နေ**

**တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် တွေ့ဆုံမှု**

ဆူလီဗန်၏ တရုတ်ခရီးစဉ်တွင် အဓိကဆွေးနွေးဖက်မှာ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိဖြစ်သည်။ ဝမ်ယိမှာ အာရှ-ပစိဖိတ်ဒေသတွင် ဆူလီဗန်အတွက် အရေးအပါဆုံး ဆွေးနွေးရသူဖြစ်ပြီး ဤခရီးစဉ်မတိုင်မီက ဝမ်ယိနှင့် အလားတူ ကြိတ်ဝိုင်းသုံးကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သည်။ ယခုခရီးစဉ်တွင် ဆူလီဗန်နှင့် ဝမ်ယိတို့သည် ဆွေးနွေးပွဲခြောက်ကြိမ် ပြုလုပ်ခဲ့ကာ စုစုပေါင်း ၁၁ နာရီခန့်ကြာအောင် ဆွေးနွေးခဲ့ကြသည်ဟု ဆိုသည်။

ယင်းတို့နှစ်ဦး ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာများမှာလည်း စုံလင်လှသည်။ အမေရိကန်သမ္မတအိမ်တော်မှ ထုတ်ပြန်ချက်အရ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ တပ်မတော်အချင်းချင်း ဆက်သွယ်ဆက်ဆံရေး၊ AI ဉာဏ်ရည်တုသုံးစွဲမှု လုံခြုံရေး၊ ရာသီဥတုပြောင်းလဲမှု၊ အမေရိကန်ခေတ်မီနည်းပညာများ လွှဲပြောင်းမှုကန့်သတ်ရေး၊ တရားမဝင် ဝင်ရောက်လာသူများပြန်ပို့ရေး၊ တရုတ်ဘက်မှ မမျှတသော ကုန်သွယ်မှုလုပ်ရပ်များ လျှော့ချရေး၊ ထိုင်ဝမ်ပြဿနာ၊ တောင်တရုတ်ပင်လယ်အရေး၊ ရုရှားသို့ တရုတ်ဘက်မှ စစ်လက်နက်ထုတ်လုပ်ရေးတွင် ကူညီနေသည့်ကိစ္စ၊ မြောက်ကိုရီးယား၊ မြန်မာနှင့် အရှေ့အလယ်ပိုင်းရေးရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်ဟု ဆိုသည်။

တရုတ်ဘက်မှလည်း ကုန်သွယ်ရေးကို နိုင်ငံရေးနှင့် လုံခြုံရေးပြဿနာအဖြစ် ပုံဖော်နေမှုကို ရပ်တန့်ရေး၊ တရုတ်နိုင်ငံ၏ ပုံရိပ်ကို အဆိုးမြင်ပုံဖော်နေမှုနှင့် တစ်ဖက်သတ် ပိတ်ဆို့ပြဋ္ဌာန်းမှုများကို ရပ်တန့်ရေး၊ အမေရိကန်၏ဗိုလ်ကျစိုးမိုးမှု၊ သဘောတရားရေးရာ အတွေးအခေါ်များကို တင်ပို့သွတ်သွင်းနေမှုနှင့် အနောက်နယ်ချဲ့ ကိုလိုနီလမ်းကြောင်းဟောင်းအတိုင်း လျှောက်လှမ်းနေမှုများကို ရပ်ဆိုင်းရေးတို့ပြန်ဆွေးနွေးခဲ့ကြသည်ဟု ဆိုသည်။

ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာများတွင် မူးယစ်ဆေးဝါးနှင့် ရာသီဥတုပြောင်းလဲမှုကဲ့သို့သော ကိစ္စရပ်များမှာ နှစ်ဖက်အကျိုးတူ အကြောင်းအရာများဖြစ်၍ အလွယ်တကူ သဘောတူညီချက်ရရှိနိုင်ကြဖွယ်ရှိသည်။ မူးယစ်ဆေးဝါးကိစ္စတွင် အမေရိကန်၏ စိုးရိမ်မှုမှာ တရုတ်ဘက်မှ ရောက်ရှိလာသည်ဟုဆိုသော ဖင်တနိုင်း (Fentanyl) ဆေးများကြောင့် အမေရိကန်တွင် ဆေးလွန်၍ နှစ်စဉ်လူပေါင်း ၈၀၀၀၀ ကျော် သေဆုံးနေရခြင်း ဖြစ်သည်။ ဖင်တနိုင်းမှာ ဘိန်းဖြူထက် အဆငါးဆယ်ခန့်ပို၍ပြင်းသော လူလုပ်ဘိန်းတု ဖြစ်သည်။ မူလက အကိုက်အခဲပျောက်ဆေးအဖြစ် တရားဝင်အသုံးပြုခဲ့ကြရာမှ ဘိန်းဖြူကဲ့သို့ပင် မူးယစ်ဆေးဝါးအဖြစ် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ အမေရိကန်လမ်းဘေးဈေးကွက်၌ **"တရုတ်မလေး" (China Girl)**ဟု လူသိများသည်။ တရုတ်ပြည်တွင်းရှိ အချို့ကုမ္ပဏီများက ဖင်တနိုင်းကို အိမ်သုံးဆေးဝါးအဖြစ် ထုတ်လုပ်၍ မက္ကဆီကိုသို့ တင်ပို့ကာ ယင်းမှတစ်ဆင့် အမေရိကန်သို့ ဖြန့်ဖြူးရောက်ရှိသွားခြင်းကြောင့် ပြဿနာတက်နေခြင်းဖြစ်သည်။ သမ္မတရှီကျင့်ဖျင် ကိုယ်တိုင်က အမေရိကန်သမ္မတ ဘိုင်ဒင်အား ဖင်တနိုင်းဆေးဝါးတင်ပို့မှုကို ထိန်းချုပ်ပေးပါမည်ဟု ကတိပြုထားသဖြင့် အခက်အခဲများစွာ မရှိလှပေ။

ရာသီဥတုပြောင်းလဲမှုကိစ္စတွင်လည်း တရုတ်နှင့် အမေရိကန် နှစ်နိုင်ငံစလုံးမှာ ကမ္ဘာ့ပေါ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ အထုတ်လွှတ်ဆုံးနိုင်ငံများအဖြစ် ထိပ်ဆုံးမှ စွပ်စွဲခံနေရသဖြင့် အချင်းချင်း ပဋိပက္ခမရှိဘဲ ပူးပေါင်းလုပ်ဆောင်ရန်သာရှိသည်။

သို့ရာတွင် ထိုင်ဝမ်ကိစ္စမှာ တရုတ်အတွက် အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှု ကိစ္စဖြစ်၍ အလွန်အလေးထားသော အကြောင်းအရာဖြစ်နေသည်။ အမေရိကန်အတွက်လည်း ထိုင်ဝမ်မှာ ရှေးအစဉ်အဆက် ကူမင်တန် တရုတ်ဖြူလက်ထက်မှစ၍ မဟာမိတ် ဖြစ်နေခဲ့ပြီး ထိုင်ဝမ်သည် အမေရိကန်လက်နက်ကုမ္ပဏီကြီးများ၏ အဓိကဖောက်သည်တစ်ဦးဖြစ်နေရာ ထိုင်ဝမ်ကို လက်မလွှတ်နိုင်ပေ။

ရုရှား-ယူကရိန်းကိစ္စတွင်လည်း တရုတ်အနေဖြင့် နိုင်ငံရေးအရ ငြိမ်းချမ်းစွာ ဖြေရှင်းရေးကို အားပေးသည်ဟု ဆိုစေကာမူ ရုရှားကို နောက်ကွယ်မှ စစ်လက်နက်ပစ္စည်းများ ရောင်းချပေးနေသည်ဟု အမေရိကန်တို့က စွပ်စွဲလျက်ရှိကာ တရုတ်ဘက်မှ ငြင်းဆိုထားသည်။ တရုတ်-ရုရှားဆက်ဆံရေးမှာ **"အကန့်အသတ်မဲ့" (No Limit)** ပေါင်းဖက်မှုဖြစ်သည်ဟု ကြွေးကြော်ထားသည့်အတွက် ဤကိစ္စတွင်လည်း တရုတ်ဘက်နှင့် အမေရိကန်ဘက်တို့ အကျိုးစီးပွားချင်း ဆန့်ကျင်လျက်ရှိသည်။

အရှေ့အလယ်ပိုင်းကိစ္စတွင်လည်း တရုတ်က အီရန်နှင့် အာရပ်အုပ်စုတို့နှင့် ပိုမိုရင်းနှီးကျွမ်းဝင်ပြီး အမေရိကန်က အစ္စရေးဘက်မှ လိုက်ပါရပ်တည်နေသည့်အတွက် အထိုင်မတူသောကြောင့် ပြေလည်ဖွယ် အကြောင်းမမြင်ပေ။

ကုန်သွယ်ရေးစစ်ပွဲနှင့် နည်းပညာကန့်သတ်မှုကိစ္စမှာလည်း နှစ်ဖက်အကျိုးစီးပွားက ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည့်အတွက် အဆင်ပြေရန်ထက် ပို၍ ဆိုးရွားသွားရန်သာ ဦးတည်နေသည်။

တောင်တရုတ်ပင်လယ်၌ ဖိလစ်ပိုင်နှင့် တရုတ်တို့အကြား ရေပြင်ပိုင်နက် အငြင်းပွားမှုကိစ္စနှင့် ပတ်သက်၍ ဖိလစ်ပိုင်နှင့် နှစ်နိုင်ငံကာကွယ်ရေးစာချုပ် ချုပ်ဆိုထားသည့် အမေရိကန်နှင့် တရုတ်တို့အကြား မည်သို့မျှ ပြေလည်ရန်မရှိဘဲ ထိပ်တိုက်ရင်ဆိုင်ရန်သာရှိနေသည်။ တရုတ်တို့က အမေရိကန်အနေဖြင့် ဖိလစ်ပိုင်နိုင်ငံ လူဇုံကျွန်းတွင် တာလတ်ပစ် ဒုံးပျံများချထားခြင်းနှင့် ဖိလစ်ပိုင်ရေတပ်ကို ပံ့ပိုးကူညီနေခြင်းအပေါ် မကြည်မလင်ဖြစ်နေသကဲ့သို့ အမေရိကန်ဘက်ကလည်း တရုတ်ကမ်းခြေစောင့်ရေယာဉ်များကို ဖိလစ်ပိုင်စစ်ရေယာဉ်များအပေါ် အုပ်စုဖြင့်ဝိုင်း၍ ဖိအားပေးနေမှုအား ကန့်ကွက်လျက်ရှိသည်။

အလားတူပင် နှစ်ဖက်အခြေခံ အကျိုးစီးပွားချင်း မတူသော ဒေသတွင်းနိုင်ငံများနှင့် ပတ်သက်သည့်ကိစ္စများတွင်လည်း မည်သို့မျှ သဘောတူညီမှုရနိုင်စရာ မရှိခဲ့ပေ။ တရုတ်ဘက်က အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးခိုင်မြဲအောင် ကြိုးပမ်းနေချိန်တွင် အမေရိကန်ဘက်ကလည်း တရုတ်နှင့် ရင်းနှီးသော နိုင်ငံများကို ဖိအားပေးနေခြင်းကြောင့် လားရာဘက်ချင်း ဆန့်ကျင်နေသည်။

သို့ဖြစ်ရာ ဆူလီဗန်နှင့် ဝမ်ယိတို့၏ တွေ့ဆုံဆွေးနွေးမှုအကြောင်းအရာ အများစုမှာ လောက်လောက်လားလား ပြောပလောက်သည့် အောင်မြင်မှုမရဘဲ အခြေအနေကို ထိန်းထားနိုင်ရုံမျှသာရှိသည်ဟု လေ့လာသူများက သုံးသပ်ကြသည်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

**ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် တွေ့ဆုံမှု**

ဆူလီဗန်သည် နိုင်ငံခြားရေးကိစ္စများတွင် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များအတွက် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးဇန်ယူရှာနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုဆွေးနွေးပွဲတွင် အဓိကအကြောင်းအရာမှာ တိုင်ဝမ်ကိစ္စဖြစ်ပြီး ဗိုလ်ချုပ်ကြီးဇန်က တိုင်ဝမ်နှင့် ပေါင်းစည်းရေးသည် တရုတ်တပ်မတော်၏ ရည်မှန်းချက်တာဝန်တစ်ရပ်ဖြစ်သည်ဟု ပြောကြားခဲ့သည်။ ဗိုလ်ချုပ်ကြီးဇန်က ဆူလီဗန်အား အမေရိကန်သည် တိုင်ဝမ်နှင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှုကို ရပ်တန့်ရန်၊ တိုင်ဝမ်ကို စစ်လက်နက်တပ်ဆင်ပေးနေမှုအားရပ်တန့်ရန်၊ တိုင်ဝမ်နှင့် ပတ်သက်၍ အကြောင်းအရာအမှားများ ထုတ်ပြန်ဖြန့်ချိနေမှုကို ရပ်တန့်ရန်တောင်းဆိုခဲ့သည်ဟု ဆိုသည်။ ဆူလီဗန်ကလည်း တရုတ်က တိုင်ဝမ်အပေါ် ရေလက်ကြား ဖြတ်ကျော်ခြိမ်းခြောက်မှုများ မပြုလုပ်ရေး၊ လွတ်လပ်စွာ ရေကြောင်းသွားလာခွင့်ရှိရေးနှင့် နှစ်နိုင်ငံ စစ်ဘက်ထိပ်တန်းခေါင်းဆောင်များအကြား တိုက်ရိုက်ဆက်သွယ်မှု ထူထောင်ရေးတို့ကို အလေးပေးဆွေးနွေးခဲ့သည်ဟု ဆိုပါသည်။

ဤတွေ့ဆုံမှုမှ စစ်နယ်ဝှမ်း (Theatre)အဆင့် စစ်ဘက်ခေါင်းဆောင်များအကြား အရေးပေါ်ဆက်သွယ်မှု (Hotline) ထူထောင်ရေးကိစ္စ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည်ဟု ဆိုသည်။ အမေရိကန် အင်ဒို–ပစိဖိတ်ဒေသကွပ်ကဲမှု ဌာနချုပ်နှင့် တရုတ်ရေတပ်တို့အကြား မတော်တဆ ထိပ်တိုက်တွေ့ဆုံမှုများကို ရှောင်ရှားနိုင်ရန် ရည်ရွယ်ပုံရပါသည်။ ၂၀၂၁ ခုနှစ်က အမေရိကန်ကင်းထောက်လေယာဉ်နှင့် တရုတ်ကြားဖြတ်တိုက်လေယာဉ်တို့ ဟိုင်နန်ကျွန်းပေါ်တွင် တိုက်မိသည့်ဖြစ်ရပ် ရှိခဲ့သကဲ့သို့ ယခုအခါ တောင်တရုတ်ပင်လယ်တွင် တရုတ်နှင့် ဖိလစ်ပိုင်တို့အကြား ရေယာဉ်ချင်း ထိပ်တိုက်ရင်ဆိုင်မှုများ ပိုမိုများပြားလာသည့်အတွက် နှစ်ဖက်အရေးပေါ်ဆက်သွယ်မှုထူထောင်ရန် အရေးကြီးလာခြင်းဖြစ်သည်ဟု သုံးသပ်ရပါသည်။

**တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံမှု**

ဆူလီဗန်၏ တရုတ်ခရီးစဉ်တွင် အဆင့်အမြင့်ဆုံး တွေ့ဆုံမှုအဖြစ် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံခွင့်ရခဲ့သည်။ သမ္မတရှီကျင့်ဖျင်က **တရုတ်နှင့် အမေရိကန်တို့သည် နိုင်ငံကြီးနှစ်ခုဖြစ်၍ ကမ္ဘာကြီးတစ်ခုလုံး၊ ပြည်သူလူထုအားလုံးနှင့် သမိုင်းကြောင်းအတွက် တာဝန်ယူလုပ်ဆောင်သင့်သည်**ဟု ပြောကြားခဲ့ပြီး **ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် တည်ငြိမ်မှုအရင်းအမြစ်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်းနှင်အားဖြစ်သင့်သည်**ဟု ဆိုပါသည်။

> **“ဆူလီဗန်ကိုင်စွဲထားသော အယူအဆမှာ “အမေရိကန်နှင့် တရုတ်တို့သည် ပြိုင်ဘက်များ ဖြစ်သော်ငြား ရန်ဘက်များမဖြစ်အောင် ထိန်းထား၍ရသည်။ စီးပွားရေးတွင်လည်း တရုတ်ကို ကန့်သတ်ပိတ်ပင်ခြင်းမှာ တရုတ်နှင့် အဆက်ဖြတ်ရန်မဟုတ် အမေရိကန်၏အန္တရာယ်ကို လျှော့ချရန်ဖြစ်သည်” (Derisking, not decoupling)ဟူသော အဆင့်ကို ထိန်းထားရန်ဖြစ်သည်။ သို့ရာတွင် ကမ္ဘာ့မဟာဗျူဟာ နိုင်ငံရေးနှင့် စီးပွားရေးအခင်းအကျင်းတို့က အဆိုပါအယူအဆကို အားနည်းချည့်နဲ့သွားစေရန် တွန်းပို့လျက်ရှိကြ”**

ရှီက ဆက်လက်၍ နှစ်နိုင်ငံအတွင်းနှင့် နှစ်နိုင်ငံဆက်ဆံရေးတွင် ကြီးမားသော အပြောင်းအလဲများ ရှိခဲ့သော်လည်း တရုတ်–အမေရိကန်ဆက်ဆံရေးနှင့်ပတ်သက်၍ ရေရှည်တည်တံ့ပြီး တည်ငြိမ်ခိုင်မာသည့် ဆက်ဆံရေး ထူထောင်လိုသည့် တရုတ်၏ ရည်မှန်းချက်မှာ ပြောင်းလဲမှုမရှိကြောင်း အထူးပြု၍ ပြောကြားသွားသည်။ ယင်းစကားရပ်မှာ သမ္မတဘိုင်ဒင်၏ သက်တမ်းကုန်ဆုံးပြီးနောက် အမေရိကန်သမ္မတအဖြစ် မည်သူပင် ရွေးကောက်ခံရစေကာမူ တရုတ်နိုင်ငံ၏ အမေရိကန်ဆိုင်ရာမူဝါဒမှာ ပြောင်းလဲမည်မဟုတ်ကြောင်း အချက်ပြလိုက်ခြင်းဖြစ်သည်ဟု ယူဆရသည်။

ဆူလီဗန်က **“အမေရိကန်သည် စစ်အေးတိုက်ပွဲအသစ်ကို ရှာဖွေမည်မဟုတ်၊ တရုတ်နိုင်ငံ၏ စနစ်ကို ပြောင်းလဲပစ်ရန်လည်း ကြိုးစားမည်မဟုတ်၊ အမေရိကန်က မဟာမိတ်အဖွဲ့အစည်းများ ပြန်လည်ထူထောင်နေခြင်းမှာလည်း တရုတ်ကို ဆန့်ကျင်ရန်မဟုတ်၊ တိုင်ဝမ်လွတ်လပ်ရေးကို ထောက်ခံအားပေးမည်မဟုတ်သလို တရုတ်နှင့်လည်း ပဋိပက္ခဖြစ်အောင် လုပ်ဆောင်မည်မဟုတ်”** ဟုပြောကြားခဲ့သည်။ ထို့အပြင် **“တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ပြောင်းလဲမည်မဟုတ်သကဲ့သို့ တိုင်ဝမ်ပြဿနာကို လက်နက်သဖွယ်အသုံးပြု၍ တရုတ်ကို ထိန်းချုပ်ရန် ကြိုးစားမည်မဟုတ်”** ဟူ၍လည်း ပြောကြားခဲ့သည်။

နှစ်ဖက်စလုံးက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကို သဘောတူညီခဲ့ကြပြီး သမ္မတဘိုင်ဒင်နှင့် သမ္မတရှီတို့အကြား မကြာမီ အပြန်အလှန်ဆက်သွယ်ပြောဆို ဆွေးနွေးနိုင်ရန် ဆူလီဗန်က ဖိတ်ကြားခဲ့သည်။

**သုံးသပ်ချက်**

ဆူလီဗန်၏ တရုတ်ခရီးစဉ်သည် အမေရိကန်သမ္မတ ရွေးကောက်ပွဲနှင့် ပတ်သက်စပ်ဆိုင်ခြင်း မရှိပါဟု ငြင်းဆိုထားလင့်ကစား သမ္မတဘိုင်ဒင်၏ သက်တမ်းနောက်ဆုံးကာလများတွင် ကမ္ဘာ့အင်အားကြီး နိုင်ငံလည်းဖြစ်၊ အဓိက နိုင်ငံရေးနှင့် စီးပွားရေးပြိုင်ဘက်လည်းဖြစ်သည့် တရုတ်နိုင်ငံနှင့် တတ်နိုင်သမျှ ဆက်ဆံရေးပြေလည်အောင် ထိန်းသိမ်းထားနိုင်ကြောင်း အမေရိကန်လူထု သိရှိအောင် ပြသလိုသည့် ရည်ရွယ်ချက်လည်း ပါဝင်ပုံရကြောင်း သုံးသပ်ရပါသည်။

ဆူလီဗန်ကိုင်စွဲထားသော အယူအဆမှာ **“အမေရိကန်နှင့် တရုတ်တို့သည် ပြိုင်ဘက်များဖြစ်သော်ငြား ရန်ဘက်များမဖြစ်အောင် ထိန်းထား၍ရသည်။ စီးပွားရေးတွင်လည်း တရုတ်ကိုကန့်သတ်ပိတ်ပင်ခြင်းမှာ တရုတ်နှင့် အဆက်ဖြတ်ရန်မဟုတ် အမေရိကန်၏အန္တရာယ်ကို လျှော့ချရန်ဖြစ်သည်”** (Derisking, not decoupling)ဟူသော အဆင့်ကို ထိန်းထားရန် ဖြစ်သည်။

သို့ရာတွင် ကမ္ဘာ့မဟာဗျူဟာ နိုင်ငံရေးနှင့် စီးပွားရေးအခင်းအကျင်းတို့က အဆိုပါအယူအဆကို အားနည်းချည့်နဲ့သွားစေရန် တွန်းပို့လျက် ရှိကြလေသည်။

ဆူလီဗန်က အမေရိကန်သည် စစ်အေးအသစ်ကို ရှာဖွေမည်မဟုတ်ဆိုသော်လည်း အမေရိကန်က တရုတ်နိုင်ငံအပေါ် နိုင်ငံရေး၊ စီးပွားရေး၊ မီဒီယာ၊ ယဉ်ကျေးမှုစသည့် ကဏ္ဍပေါင်းစုံမှ ဖိအားပေးထိုးနှက်လျက်ရှိသည်မှာ ပေါ်လွင်ထင်ရှားလျက်ရှိသည်။ မဟာမိတ်များထူထောင်ခြင်းသည် တရုတ်ကို ဆန့်ကျင်ရန်မဟုတ်ဟုဆိုသော်လည်း ဩစတြေးလျ၊ ဗြိတိန်၊ အမေရိကန်(အင်္ဂလိပ်သွေးပါသော ဆွေရင်းမျိုးချာ) သုံးနိုင်ငံပါဝင်သည့် AUKUS စစ်စာချုပ်အဖွဲ့ထူထောင်၍ ဩစတြေးလျကို အဏုမြူနည်းပညာပိုင်နိုင်ငံဖြစ်စေရန် တွန်းတင်ပေးနေခြင်း၊ တရုတ်ကို ပတ်ဝိုင်းထားသည့် တရုတ်နှင့် အဆင်မပြေသော လေးနိုင်ငံ(QUAD)၊ (အမေရိကန်၊ အိန္ဒိယ၊ ဩစတြေးလျ၊ ဂျပန်) လုံခြုံရေးဆွေးနွေးပွဲ အစီအစဉ် ဖန်တီးထားခြင်း၊ ယင်း QUAD အဖွဲ့မှ အိန္ဒိယအစား ဖိလစ်ပိုင်ကိုထည့်သွင်းပြီး အမေရိကန်၊ ဖိလစ်ပိုင်၊ ဩစတြေးလျ၊ ဂျပန်ကာကွယ်ရေး မိတ်ဖက်အစီအစဉ်ကို ထူထောင်ခဲ့ခြင်းတို့မှာ **“မပြေးသော်ကန်ရာရှိ”** ဆိုသကဲ့သို့ တရုတ်အတွက် စိုးရိမ်ဖွယ်ဖြစ်နေသည်ကတော့ အမှန်ပင်ဖြစ်လေသည်။

တစ်ဖန် တိုင်ဝမ်လွတ်လပ်ရေးကို ထောက်ခံအားပေးမည်မဟုတ်ဟု ဆိုသော်ငြားလည်း အမေရိကန်အစိုးရကိုယ်တိုင်က (Taiwan Relation Act) တိုင်ဝမ်ဆက်ဆံရေးဥပဒေဖြင့် တိုင်ဝမ်ကို အကာအကွယ်ပေးထားကာ လိုအပ်သည့် စစ်လက်နက်များကို တပ်ဆင်ပေးလျက်ရှိခြင်း၊ တိုင်ဝမ်ကို လက်နက်အဖြစ်သုံး၍ တရုတ်ကို ထိန်းချုပ်မည်မဟုတ်ဟု ဆိုသော်လည်း တိုင်ဝမ်က တရုတ်ကိုအန်တုရင်ဆိုင်နိုင်ရေးအတွက် နောက်ကွယ်မှ လိုသမျှ ထောက်ပံ့နေခြင်းများကို ထောက်ရှုပါက **“ဝိနည်းလွတ်ရုံအပြော”** များဖြစ်ကြောင်း လုပ်ရပ်များက ညွှန်းဆိုလျက်ရှိသည်။

ကမ္ဘာ့မဟာဗျူဟာ အခင်းအကျင်းမှာလည်း မဟာအင်အားကြီး အမေရိကန်တစ်နိုင်ငံတည်း ကြီးစိုးထားသည့် ဧကမဏ္ဍိုင် (Unipolar) စနစ်မှ ဗဟုမဏ္ဍိုင် (Multipolar) ပုံစံသို့ ဦးတည် ပြောင်းလဲလာလျက်ရှိရာ တရုတ်နိုင်ငံမှာလည်း အရေးပါသော ဇာတ်ဆောင်တစ်ဦးအဖြစ် (SCO)၊ (BRICS)၊ (G20) စသောအုပ်စုများတွင် ဦးဆောင်ပါဝင်လျက်ရှိသဖြင့် နှစ်နိုင်ငံ၏အုပ်စုဖွဲ့မှုမှာလည်း လားရာချင်း ဆန့်ကျင်လျက်ရှိသည်။

နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်ရေးဆက်ဆံရေးတွင်လည်း အားပြိုင်မှုများ၊ ပဋိပက္ခများ၊ ကိုယ်ကျိုးစီးပွားကာကွယ်ရေး မူဝါဒကျင့်သုံးမှုများကြောင့် ပြဿနာအကျပ်အတည်းများနှင့် ကြုံတွေ့နေရသကဲ့သို့ AI ဉာဏ်ရည်တုကဲ့သို့ နည်းပညာအသာစီးရရှိမှုမှတစ်ဆင့် ကမ္ဘာကို လွှမ်းမိုးနိုင်ရေး အားပြိုင်မှုကလည်း ဆက်လက်၍ အရှိန်အဟုန် ပြင်းထန်လာဖွယ်ရှိနေသည်။

စစ်ရေးအပိုင်းတွင် သမားရိုးကျနှင့် မဟာဗျူဟာလက်နက်များကို အပြိုင်တည်ဆောက်လျက်ရှိကြပြီး အာကာသနှင့် ဆိုက်ဘာစစ်မြေပြင်များတွင်လည်း အားပြိုင်နေကြရာ မည်သည့်ဘက်ကမျှ အလျှော့ပေးမည့် လက္ခဏာမရှိပေ။

ခြုံ၍သုံးသပ်ရပါက ဆူလီဗန်၏ တရုတ်နိုင်ငံခရီးစဉ်သည် ဒီမိုကရက်ပါတီအစိုးရအတွက် တရုတ်–အမေရိကန် ဆက်ဆံရေးအခြေအနေကို ပို၍ ဆိုးရွားမသွားအောင် ထိန်းထားနိုင်ရုံမျှသာရှိပြီး လာလတ္တံ့သော အနာဂတ်ကာလများတွင် ကမ္ဘာ့အင်အားကြီး နှစ်နိုင်ငံ၏ အားပြိုင်တွန်းတိုက်မှုက လွှဲရှောင်မရဘဲ ပိုမိုပြင်းထန်လာဖွယ်ရှိကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။ ။

# ကချင်ပြည်နယ်ဝန်ကြီးချုပ် အသေးစားထုတ်ကုန်လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား စက်တင်ဘာ ၅**

ကချင်ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးနှင့် MSME လုပ်ငန်းများ ပိုမိုတိုးတက် မြင့်မားလာအောင် ဆောင်ရွက်နိုင်ရေး အတွက် နိုင်ငံတော်မှ ရင်းနှီးမတည်ပေးခဲ့သော ငွေကျပ် ရှစ်ဘီလီယံကို ပထမနှစ်စက်ဝန်းဖြင့် လုပ်ငန်းများ အောင်မြင်စွာလည်ပတ်နိုင်ခဲ့ပြီး ယခုနှစ်တွင် ဒုတိယနှစ်စက်ဝန်းဖြင့် လုပ်ငန်းစီမံကိန်းများ အရှိန်အဟုန်ဖြင့် လည်ပတ်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၄ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်သော ပြည်နယ်အဆင့် ကျေးရွာစီမံကိန်း ကြီးကြပ်မှုကော်မတီ နာယက ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားပြီး ကော်မတီဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေက ရန်ပုံငွေခွဲဝေချထားပေးနေမှု အခြေအနေများ၊ ဗဟိုကော်မတီမှ ညွှန်ကြားချက်များ ရှင်းလင်းပြောကြားပြီး ကော်မတီဝင်များက ရှင်းလင်းတင်ပြမှုများကို ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များနှင့်အတူ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် (ဆွတ်ပိုင်တောင်) နယ်မြေအတွင်း ပိုင်ရှင် ဦးဇော်ယော်၏ TOP အသင့်စား အသားခြောက် အမျိုးမျိုးနှင့် ဝိုင်အမျိုးမျိုး ထုတ်လုပ်ဖြန့်ချိရေး လုပ်ငန်းနှင့် စီတာပူရပ်ကွက် (ငွေပျော်ကောင်) အပိုင်းအတွင်း Wadu Seng Pan (ဝါဒူဆိုင်းပန်)၏ ကချင်ရိုးရာအသင့်စား စားသောက်ကုန်ထုတ်လုပ်ရေး လုပ်ငန်းသို့ သွားရောက်ပြီး အသားခြောက်များနှင့် ဒေသထွက် အသင့်စား စားသောက်ကုန် ပစ္စည်းများ ထုပ်ပိုးထားရှိမှုနှင့် ပေါင်းခံစက်များဖြင့် ထုတ်လုပ်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ကျေးရွာစီမံကိန်းဆိုင်ရာအစည်းအဝေးနှင့် အသေးစားထုတ်ကုန်များ ကြည့်ရှုစစ်ဆေးစဉ်။

ပြည်နယ်(ပြန်/ဆက်)

# Mpox ရောဂါ နိုင်ငံတကာ အဝင်ဂိတ်ပေါက်များမှဝင်ရောက်လာမည့်ခရီးသည်များမှတစ်ဆင့် ကူးစက်ဖြစ်ပွားမှုမရှိစေရေး စီစဉ်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၅**

ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးလုပ်ငန်းများနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း (Myanmar CDC) ၌ Virtual စနစ်ဖြင့် ကျင်းပပြုလုပ်သည်။



အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက Mpox ရောဂါသည် မိမိတို့နှင့် အိမ်နီးချင်းနိုင်ငံများတွင် ဖြစ်ပွားလျက်ရှိသော်လည်း မြန်မာနိုင်ငံတွင် ကူးစက်ဖြစ်ပွားမှုမရှိသေးကြောင်း၊ ပြည်တွင်းသို့ လာရောက်သည့် နိုင်ငံတကာ အဝင်ဂိတ်ပေါက်များမှ ဝင်ရောက်လာမည့် ခရီးသည်များမှ တစ်ဆင့် ကူးစက်ဖြစ်ပွားမှု မရှိစေရေး စနစ်တကျ စီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ Mpox ရောဂါသည် ကိုဗစ်-၁၉ ရောဂါကဲ့သို့ ကူးစက်မြန်ရောဂါမဟုတ်ဘဲ ရောဂါဖြစ်သူနှင့်အနီးကပ်ထိတွေ့ဆက်ဆံမှသာ ကူးစက်နိုင်သည့် ရောဂါဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားနိုင်သည့် လူအုပ်စု (Special targeted group) များအလိုက် အသိပညာပေး ကာကွယ်ရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အနေဖြင့် ကူးစက်ရောဂါနှင့် မကူးစက်တတ်သောရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို နိုင်နင်းစွာ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပြီး ကျေးလက်ဒေသများရှိ ကျန်းမာရေးဌာနများအထိ ဆေးဝါးများနှင့် ပစ္စည်းကိရိယာများကို လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ကြောင်း။

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့် ကုသရေးဦးစီးဌာန ဆေးရုံများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မကူးစက်နိုင်သောရောဂါများ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးစီမံချက်များမှ ဆေးဝါးများကိုလည်း ပြည်သူများထံ ထိရောက်စွာ ရောက်ရှိရေးအတွက် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများ ညှိနှိုင်းပေါင်းစပ်၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကျန်းမာရေးဌာနများနှင့် ဆေးရုံများ ဖွင့်လှစ်ဆောင်ရွက်မှု၊ ကျန်းမာရေးစောင့်ရှောက်ပေးမှု၊ သားဖွားခန်းများတွင် မွေးဖွားပေးနိုင်မှု၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနရှိ စီမံချက်လုပ်ငန်းများမှ ဆေးဝါးများ၊ ဆေးပစ္စည်းကိရိယာများရရှိမှု၊ သုံးစွဲမှုအခြေအနေ၊ ဆေးရုံများတွင် ဆေးဝါးများ၊ ဆေးပစ္စည်းကိရိယာများ ရရှိမှု၊ သုံးစွဲမှုအခြေအနေ၊ Mpox ရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ သဘာဝဘေးအန္တရာယ်များအတွက် ကျန်းမာရေးကဏ္ဍ ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် တုံ့ပြန်ဆောင်ရွက်မှု အခြေအနေတို့နှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်း ပြောကြားပြီး ထပ်မံဖြည့်ဆည်းပေးရန် လိုအပ်သည်များကို တင်ပြကြသည်။

ယင်းနောက် ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးပြီး လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုအားပေး



**နေပြည်တော် စက်တင်ဘာ ၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ် (၁၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေးနေ့ (International Day for Disaster Risk Reduction – IDDRR) အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုအားပေးသည်။ **(ဝဲပုံ)**

ပြိုင်ပွဲသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ၃၉ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၈၀ တို့က "အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့၊ မျိုးဆက်သစ်တို့ စွမ်းအား မြှင့်တင်စို့" ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသူများနှင့် ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားနေ့၌ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ဝန်ကြီးဌာနကိုယ်စားပြု တက္ကသိုလ်ဘောလုံးအသင်းများမှ အားကစားသမား၊ အသင်းအုပ်ချုပ်သူ နည်းပြများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကား ပြောကြား

**နေပြည်တော် စက်တင်ဘာ ၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ၂၀၂၄ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားခဲ့သော ဝန်ကြီးဌာနအောက်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ် (သန်လျင်) နှင့် (စစ်ကိုင်း) တို့မှ အားကစားသမားများ၊ အသင်းအုပ်ချုပ်သူနည်းပြများနှင့် ယနေ့နံနက်ပိုင်းက အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲဝင် ဘောလုံးသမားများ၊ အသင်းအုပ်ချုပ်သူနည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက တက္ကသိုလ် ဘောလုံးအသင်းနှင့် နည်းပြများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း၊ အမြဲတမ်းအတွင်းဝန်က ဂုဏ်ပြုလက်ဆောင်များကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရုံးချုပ်) ၌ ကျင်းပသည့် ဌာနအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဝန်ထမ်းများအနေဖြင့် ဌာနအလိုက် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ ဦးစီးဌာနမှ ချမှတ်ထားသည့် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စေတနာထား၍ အကောင်းဆုံး ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။ **(ယာပုံ)**

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရန် အချက်များနှင့် ရှောင်ကြဉ်ရန်အချက်များကို ရှင်းလင်းပြောကြားပြီး ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ဌာန၏ လုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း၊ ညွှန်ကြားရေးမှူး(စီမံ)က ဝန်ထမ်းသက်သာချောင်ချိရေး ဆောင်ရွက်ပေးထားမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဝန်ထမ်း ၄၈၂ ဦးအတွက် တစ်ဦးလျှင် မြေပဲဆီသန့် ၅၀ ကျပ်သားစီ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ပစ္စည်းများ လာရောက်ဂုဏ်ပြုပေးအပ်




**နေပြည်တော် စက်တင်ဘာ ၅**
နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြု ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ စက်တင်ဘာလ ၄ ရက်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ပစ္စည်းများ ဂုဏ်ပြုပေးအပ်ခြင်းကို ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ပြုလုပ်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်စွာဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က စားသောက်ဖွယ်ရာနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် ဝန်ထမ်းမိသားစုများက လှူဒါန်းသည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ရှစ်ဆယ့်သုံးသိန်းကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ပစ္စည်းများကို ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး (ဓါတ်ပုံ) ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ စားသောက်ဖွယ်ရာနှင့် ပစ္စည်းများကို ရှေ့တန်းစစ်မျက်နှာ အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှုပ်ရှုပ်ချချ တာဝန် ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကချင်ပြည်နယ်အတွင်း ကံပိုင်တည်နယ်စပ်မှတစ်ဆင့် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချရာတွင် အဆင်ပြေချောမွေ့စွာ တင်သွင်းရောင်းချနိုင်ရေး စက်သုံးဆီတင်သွင်းခွင့်ရ Importer များ၊ ဆီဆိုင်လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေး



**မြစ်ကြီးနား စက်တင်ဘာ ၅**
ကချင်ပြည်နယ်အတွင်း စက်သုံးဆီ ပြတ်လပ်မှု မဖြစ်ပေါ်စေရေး၊ ဈေးနှုန်းတည်ငြိမ်ရေးအတွက် ကံပိုင်တည်နယ်စပ်မှတစ်ဆင့် စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချရာတွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်စက်သုံးဆီ တင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များနှင့် Importer ကုမ္ပဏီများ၊ ဆီဆိုင်လုပ်ငန်းရှင်များနှင့် စက်တင်ဘာ ၄ ရက် ညနေ ၄ နာရီခွဲက လုပ်ငန်းညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်နယ်စက်သုံးဆီ တင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်က မိမိတို့အနေဖြင့် ပြည်နယ်အတွင်း စက်သုံးဆီပြတ်လပ်မှုမဖြစ်ပေါ်စေရေး၊ ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်နယ်ကော်မတီအနေဖြင့် စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းဖြင့်သာ သတ်မှတ်ဆောင်ရွက်ပေးထားခြင်းဖြစ်သည့်အတွက် သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချပေးကြရန် အသိပေးလိုပါကြောင်း၊ ထို့အပြင် ပြည်နယ်ကြီးကြပ်ရေး စစ်ဆေးရေးအရာရှိရုံး၌ စက်သုံးဆီ ကိုင်တွယ်ထိန်းသိမ်းနည်း သင်တန်းနှင့် ဆီတင်ယာဉ်များ ထိန်းသိမ်းမောင်းနှင်ခြင်း သင်တန်းကိုလည်း ဖွင့်လှစ်ပေးရန် စီစဉ်လျက်ရှိသည့်အတွက် မဖြစ်မနေ တက်ရောက်ကြရေး တိုက်တွန်းပြောကြားသည်။ (ဓါတ်ပုံ)

ယင်းနောက် တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များနှင့် ကုမ္ပဏီတာဝန်ရှိသူများက ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်နှင့် တွဲများအတွက် သယ်ယူလျှောက်ထားခြင်း၊ ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ PO တိုးမြှင့်ခြင်း၊ လုပ်ငန်းကိစ္စရပ်များနှင့် စက်တင်ဘာလအတွက် ကုမ္ပဏီများက စက်သုံးဆီတင်သွင်းရန် တင်ပြတောင်းခံထားသော ခွဲတမ်းရရှိမှုအခြေအနေများ၊ ကုမ္ပဏီများမှ တင်ပြလာသည့် စက်သုံးဆီဝယ်ယူသည့် စာချုပ်ဈေးနှုန်းများအပေါ် အခြေခံသည့် ရည်ညွှန်းဈေးတွက်ချက်သတ်မှတ်ပေးခြင်းတို့ကို အပြန်အလှန်ဆွေးနွေးဆောင်ရွက်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**

## ကျောက်ဖြူမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အထူးနည်းပြနှင့် ခရိုင်နည်းပြသင်တန်းဖွင့်

**ကျောက်ဖြူ စက်တင်ဘာ ၅**
ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း အထူးနည်းပြနှင့် ခရိုင်နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက်က ကျင်းပသည်။



ရှေးဦးစွာ ကျောက်ဖြူခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ကိုယ်စား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဟံစိုးက လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ဗဟိုအဆင့်နည်းပြသင်တန်း၊ အထူး နည်းပြသင်တန်း၊ ခရိုင်နည်းပြသင်တန်းနှင့် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းများကို အချိန်နှင့်တစ်ပြေးညီ အဆင့်ဆင့်ပို့ချ ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ခရိုင်သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွဋ်ဇော်က သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းကာလမှာ စက်တင်ဘာ ၃ ရက်မှ ၁၄ ရက်နေ့အထိ ၁၀ ရက်ကြာ သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

**တင်ထွန်းဦး (ပြန်/ဆက်)**

## စစ်တောင်းမြစ်ရေ တောင်ငူမြို့တွင် စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်

**နေပြည်တော် စက်တင်ဘာ ၅**
ယနေ့နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ လေးလက်မခန့် (၁၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**



## ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၅**
ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ဆန်းက တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယတိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကြည့်တတ် မြင်တတ်ပါစေ

မိမိတို့နိုင်ငံသားများ ၂၀၁၁ ခုနှစ် နောက်ပိုင်းကာလများမှစတင်၍ နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံမှု၊ နိုင်ငံခြားသို့ သွားရောက်မှု ပိုမိုများပြားလာပါသည်။ နိုင်ငံတော်တာဝန်ဖြင့် သွားရောက်ရခြင်း၊ မိမိအစီအစဉ်ဖြင့် သွားရောက်ရခြင်း အမျိုးမျိုးရှိကြရာ နိုင်ငံ့တာဝန်ဖြင့် သွားရောက်ရခြင်း၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၊ အဖွဲ့ဝင်အဖြစ် သွားရောက်ရခြင်းသည် မိမိနိုင်ငံကို ကိုယ်စားပြု သွားရောက်ရခြင်းဖြစ်သဖြင့် ပိုမိုတာဝန်ကြီးပါသည်။ မိမိ၏ ဝတ်စားဆင်ယင်မှုမှအစ အပြောအဆို၊ အပြုအမူလှုပ်ရှားမှုသည် မိမိကိုသာမက ကိုယ်စားလှယ်အဖွဲ့နှင့် အဆုံးစွန်အနေဖြင့် နိုင်ငံကိုပါ ရောင်ပြန်ဟပ်စေပါသည်။ လူမျိုးအမည်တပ်၍ သုံးသပ်ပြောဆိုလာနိုင်ပါသည်။

မောင်သံငြိမ်း

မိမိတို့ တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုကို မြတ်နိုးတန်ဖိုးထားပြီး နိစ္စဓူဝ ဝတ်ဆင်ကြသူများရှိရာ ကမ္ဘာပေါ်ရှိ လူမျိုးအနည်းငယ်တွင် မြန်မာနိုင်ငံသားများ ဂုဏ်ယူဖွယ်ရာ ပါဝင်လျက်ရှိပါသည်။ အများစုက ရှပ်အင်္ကျီ၊ ပုဆိုး၊ ထဘီ၊ ရိုးရာအင်္ကျီနှင့် တိုက်ပုံအင်္ကျီ စသည်များကို ဝတ်ဆင်ကြသည်။ လုပ်ငန်းသဘောအရ လိုအပ်သူများက ဘောင်းဘီဝတ်ကြပါသည်။ မြန်မာနိုင်ငံသားများ၏ ရိုးရာဓလေ့ ဝတ်စားဆင်ယင်မှုအပေါ် ခုံမင်၊ မြတ်နိုးမှုကို နိုင်ငံခြားသားများက အံ့သြချီးမွမ်းကြပါသည်။ ရာသီဥတု၊ ရေ၊ မြေ၊ သဘာဝနှင့်ကိုက်ညီမှုရှိသော ဝတ်စားဆင်ယင်မှုဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးအချို့က ၎င်းတို့သံတမန်ဝန်ထမ်းများ ပုဆိုး၊ လုံချည်ဝတ်ဆင်ရန် (Longyi Day)နေ့ တစ်နေ့ သတ်မှတ်ဝတ်ဆင်ကြသည်ဟု ကြားဖူးပါသည်။

မြန်မာနိုင်ငံသားများ၏ ဝတ်စားဆင်ယင်မှုဓလေ့မှာ ပြည်တွင်း၌ ပုဆိုး၊ တိုက်ပုံ ဝတ်ဆင်ကြပြီး နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက်သည့်အခါ အမျိုးသားများအတွက် အနောက်တိုင်းဝတ်စုံ ဝတ်ဆင်၍သွားရောက်ကြရပါသည်။ အမျိုးသမီးများမှာ ရိုးရာ၊ ထဘီ၊ အင်္ကျီများကို ဝတ်စားဆင်ယင်သွားရောက်ကြလေ့ရှိပါသည်။ မြန်မာအမျိုးသမီးများ၏ ဂုဏ်ယူဖွယ်ရာ ဝတ်စားဆင်ယင်မှုဓလေ့ကို ကမ္ဘာက လေးစားကြပါသည်။ ဟီရိုသြတ္တပ္ပတရားနှင့်အညီ တည်ရှိနေသော မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုမှာ ကမ္ဘာတွင် ချီးမွမ်းဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။ ကျက်သရေမင်္ဂလာနှင့်လည်း ပြည့်စုံပါသည်။

**■ မြန်မာနိုင်ငံသားများ၏ ဝတ်စားဆင်ယင်မှုဓလေ့မှာ ပြည်တွင်း၌ ပုဆိုး၊ တိုက်ပုံ ဝတ်ဆင်ကြပြီး နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက်သည့်အခါ အမျိုးသားများအတွက် အနောက်တိုင်းဝတ်စုံ ဝတ်ဆင်၍ သွားရောက်ကြရပါသည်။ အမျိုးသမီးများမှာ ရိုးရာ၊ ထဘီ၊ အင်္ကျီများကို ဝတ်စားဆင်ယင် သွားရောက်ကြလေ့ရှိပါသည်။ မြန်မာအမျိုးသမီးများ၏ ဂုဏ်ယူဖွယ်ရာ ဝတ်စားဆင်ယင်မှုဓလေ့ကို ကမ္ဘာက လေးစားကြပါသည်။ ဟီရိုသြတ္တပ္ပတရားနှင့်အညီ တည်ရှိနေသော မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုမှာ ကမ္ဘာတွင် ချီးမွမ်းဂုဏ်ယူဖွယ်ရာ ဖြစ်ပါသည်။ ကျက်သရေမင်္ဂလာနှင့်လည်း ပြည့်စုံ**

**ဝတ်စားဆင်ယင်မှုစရိုက်ကို မြှင့်တင်ရန်လိုအပ်**

မြန်မာအမျိုးသားများက နေ့စဉ် ပုဆိုး၊ တိုက်ပုံ ဝတ်ဆင်လှုပ်ရှားနေရာမှ နိုင်ငံခြားသို့သွားလျှင် အနောက်တိုင်းဝတ်စုံကို တစ်ခါတစ်ရံ ဝတ်ဆင်ရသည့်အခါ စနစ်တကျ "အထာကျ" ရန် သတိပြုရပါသည်။ ယနေ့ခေတ်အခါလို ရုပ်မြင်သံကြား၊ အင်တာနက်မှ သတင်းများ၊ ရုပ်ရှင်များ လွယ်လင့်တကူ ဖမ်းယူကြည့်ရှုနိုင်ချိန်တွင် မိမိနှင့်အကျွမ်းတဝင်မရှိသော ဝတ်စားဆင်ယင်မှု၊ ဓလေ့စရိုက်များကို ကြည့်တတ်ရန်၊ မြင်တတ်ရန်နှင့် သင့်လျော်သလို ပြင်တတ်ရန် လိုအပ်ပါသည်။

ကျွန်တော့်အနေဖြင့် ထိတွေ့လှုပ်ရှားရာမှ ရရှိခဲ့သော အတွေ့အကြုံ၊ ဝါသနာအလျောက် လေ့လာဖတ်ရှုခဲ့ရသည့် စာအုပ်စာတမ်းများမှ ရရှိသည့် ဗဟုသုတကို မျှဝေခံစား အကြံပြုလိုပါသဖြင့် ဤဆောင်းပါးကို ရေးသားတင်ပြခြင်းဖြစ်ပါသည်။

နိုင်ငံတော်၏ ကျေးဇူးကြောင့် ၁၉၆၅ ခုနှစ်ကပင် နိုင်ငံခြားသို့ ပထမဆုံးသွားရောက်ခဲ့ဖူးပါသည်။ စစ်ရေယာဉ်ဖြင့် လုပ်ငန်းအရ သွားရောက်ခြင်းဖြစ်၍ ခြောက်လကြာ ကာလအတွင်း စစ်ဝတ်စုံမှ တစ်ပါး အနောက်တိုင်းဝတ်စုံ ဝတ်ဆင်ရခြင်းမရှိပါ။ ဒုတိယအကြိမ်က ၁၉၇၈ ခုနှစ်တွင်ဖြစ်သည်။ နယ်ဘက်တာဝန်ထမ်းဆောင်စဉ်ဖြစ်၍ နိုင်ငံခြားတွင် အနောက်တိုင်းဝတ်စုံဖြင့် လှုပ်ရှားရသည်။ မေးရင်းမြန်းရင်း တတ်သမျှ ပြင်ဆင်ဝတ်စားသွားပါသည်။ နိုင်ငံခြားရောက်ပြီး ပထမနေ့တွင် လူကြီးနှင့်အတူ ခာတ်လှေကားစီးလာရာ လူကြီးက "ကိုသံငြိမ်း၊ ကုတ်အင်္ကျီက၊ အောက်ကြယ်သီးဖြုတ်ထား"ဟု ဆိုပါသည်။ ကုတ်အင်္ကျီရှိကြယ်သီး နှစ်လုံးစလုံး တပ်ထား၍ လူကြီးပြောသည့်အတိုင်း၊ အောက်ကကြယ်သီးကို ဖြုတ်လိုက်ပါသည်။ သူ့ကို ကြည့်တော့လည်း အပေါ်ကြယ်သီးတစ်လုံးသာ တပ်ထားသည်။ မှတ်သားထားပြီး ပတ်ဝန်းကျင်ကို လေ့လာကြည့်တော့ တစ်ဦးစနှစ်ဦးစကလွဲလျှင် အားလုံး ကြယ်သီးတစ်လုံးသာ တပ်ကြသည်။ ကျွန်တော်က နယ်ဘက်ဝန်ကြီးဌာနရောက်ပြီး လပိုင်းအတွင်း လူကြီးခေါ်သဖြင့် နိုင်ငံခြားသို့ လိုက်ပါရခြင်းဖြစ်ရာ ကာလတိုအတွင်း အခြားကိစ္စများ လေ့လာနေရသဖြင့် ဝတ်စားဆင်ယင်မှုကို မလေ့လာရသေးပါ။ ထိုနေ့မှစ၍ လေ့လာရပါပြီ။ အချို့ကိစ္စများ ကြည့်တတ်ပါပြီ။ လေ့လာဖွယ်ရာ အများအပြား ရှိနေကြောင်း သိလိုက်ရပါသည်။ မည်သူရှိ၍ သိ၍ ပြင်တတ်လာပြီး ယခုကဲ့သို့ ပြန်လည်မျှဝေနိုင်ခြင်း ဖြစ်ပါသည်။

မှန်ပါသည်။ ကြည့်တတ်၊ လေ့လာတတ်ရာမှ အနည်းငယ် မြင်တတ်လာပါသည်။ အနောက်တိုင်းဝတ်စုံ ကုတ်အင်္ကျီဝတ်ရာတွင် ကြယ်သီးနှစ်လုံး တပ်ရသည့် ကုတ်အင်္ကျီ၊ သုံးလုံးတပ်ရသည့် ကုတ်အင်္ကျီ၊ နှစ်ထပ်ရင်ဖုံးဖြင့် ကုတ်အင်္ကျီအမျိုးမျိုး ရှိကြပါသည်။ ကြယ်သီးနှစ်လုံးပါ ကုတ်အင်္ကျီတွင် ဆိုခဲ့သည့်အတိုင်း အပေါ်ကြယ်သီးတစ်လုံးတည်းကို တပ်ရပါသည်။ တစ်လုံးတည်းတပ်ရသည်ဆို၍ အောက်ကြယ်သီးတစ်လုံးတည်းကို တပ်ရန် မဟုတ်ပါ။

ကြယ်သီးသုံးလုံးပါ ကုတ်အင်္ကျီကိုဝတ်လျှင် ကြယ်သီးတစ်လုံးတည်း တပ်လိုပါက အလယ်က ကြယ်သီးတစ်လုံးသာ တပ်ပါသည်။ အခြားကြယ်သီးများ မတပ်ပါ။ အပေါ်ဆုံးကြယ်သီးကို တပ်လိုပါက အလယ်ကြယ်သီးနှင့်အတူ တပ်ရပါသည်။ အောက်ဆုံးကြယ်သီး လုံးဝတပ်ရန်မလိုပါ။ မတပ်ကြပါ။ ကြည့်လျှင်မြင်ပါလိမ့်မည်။

နှစ်ထပ်ရင်ဖုံး (Double Breast) ကုတ်အင်္ကျီ အကြောင်းပြောရလျှင် အမျိုးသားဝတ်အင်္ကျီမှာ လက်ဝဲဘက် ရင်ဘတ်အခြမ်းက အပေါ်ကထပ်ရပြီး လက်ယာဘက် ရင်ဘတ်အခြမ်းတွင် ကြယ်သီးရှိပါသည်။ ရှေးခေတ်ကကြယ်သီး နှစ်လုံးအင်္ကျီ အဝတ်များပြီး ကြယ်သီးနှစ်လုံးတပ် ကုတ်အင်္ကျီတွင် အပေါ်ကြယ်သီးတစ်လုံးသာ တပ်ရကြောင်း သတိပြုစေလိုပါသည်။ ယခုအခါ ကြယ်သီးတစ်လုံးပါ ကုတ်အင်္ကျီ အဝတ်များပါသည်။ ကြယ်သီးနှင့် ပတ်သက်၍ အထာတစ်ခုမှာ မတ်တတ်ရပ်စဉ် ကြယ်သီးတပ်ရန်၊ ထိုင်စဉ် ကြယ်သီးဖြုတ်ထိုင်လေ့ရှိကြပါသည်။ မတ်တတ်ထလျှင်ပြန်တပ် အလုပ်တော့ များပါသည်။ ဒီနေရာ ကြယ်သီးပဲရှိလျှင် တပ်တော့ဘာဖြစ်လဲဆိုပြောအုံ့၊ သင်နေ့စဉ်ဝတ်နေသော ကော်လံပါရှပ်အင်္ကျီ အပေါ်ဆုံးလည်ပင်းက ကြယ်သီးကို ဘာကြောင့်မတပ်ကြသနည်း၊ စောဒကတက်ရပါမည်၊ အများလက်ခံသည့်ဓလေ့ကို ပြောရခြင်းဖြစ်ပါသည်။

**အမျိုးသား အမျိုးသမီးအင်္ကျီကို ကြယ်သီးဖြင့် ခွဲခြားမှုလည်းရှိ**

အမျိုးသားအင်္ကျီ၊ အမျိုးသမီးအင်္ကျီကို ကြယ်သီးဖြင့် ခွဲခြားမှုလည်း ရှိပါသည်။ လက်ယာဘက်အခြမ်းမှာ ကြယ်သီးရှိပြီး လက်ဝဲဘက်အခြမ်းမှာ ကြယ်သီးပေါက်ရှိသည်က အမျိုးသားအင်္ကျီ၊ အမျိုးသမီးဝတ်ကြသောအင်္ကျီမှာ ကြယ်သီးက လက်ဝဲဘက်အခြမ်းမှာ၊ ကြယ်သီးပေါက်က လက်ယာအခြမ်းမှာ ဖြစ်သည်။ မှားမဝယ်ဖြစ်ဖို့ လွန်စွာအရေးကြီးပါသည်။

အမျိုးသမီးဝတ်အကြောင်း အမှတ်တရ ရေးရလျှင် သုံးဆယ့်ငါးနှစ်ခန့်က အနောက်နိုင်ငံကြီးတစ်ခုတွင် တာဝန်ထမ်းဆောင်စဉ် မြန်မာကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ ရောက်လာပါသည်။ ဆောင်းတွင်းကာလကြီးဖြစ်ပြီး တစ်လခန့် နေရမည်ဖြစ်သဖြင့် အနွေးထည် လုံလုံလောက်လောက်ပါရဲ့လား၊ ကျန်းမာရေးက အရေးကြီးသည် စသည်ဖြင့် အကြံပြုရင်း မေးမြန်းရာ ပါလာသည့်အနွေးထည် မလုံလောက်ကြောင်း သိရပါသည်။ အနွေးထည်အသစ်များ ဝယ်လျှင် ဈေးကြီးသဖြင့် တစ်ပတ်ရစ် အနွေးထည်ဆိုင်ကိုညွှန်ပြ၍ ဝယ်ဝတ်ရန် ပြောခဲ့ပါသည်။ တစ်ပတ်ခန့်အကြာ ကျွန်တော့်အကြံပြုချက်ကို အလေးထားသည့်အနေဖြင့် ၎င်းတို့ဝယ်ထားသည့် အနွေးထည်များဝတ်၍ လာပြကြပါသည်။ သုံးဦးက အမျိုးသားဝတ်အင်္ကျီများဖြစ်ကြပြီး နှစ်ဦးက အမျိုးသမီးဝတ် ဖြစ်နေပါသည်။ မသိ၍ ဝယ်လာခြင်းဖြစ်ပါသည်။ "ဆရာနှစ်ယောက်၊ ခင်ဗျားတို့ ဒီအင်္ကျီဝတ်ထားရင် နောက်က လိုက်လိမ့်မယ်"ဟု သတိပေးပြီး ပြန်လဲခိုင်းရပါသည်။ အကျွမ်းတဝင်လေ့လာမှုမရှိတော့လည်း မှားပေမပေါ့။ ကြယ်သီးနှင့် ဘယ်ထပ်/ညာထပ်မှာ သိသာပါသည်။

အနောက်တိုင်းဝတ်စုံဝတ်ရာတွင် အရောင်နှင့် အတို၊ အရှည်ကလည်း သတိပြုဖွယ်ရာပင်။ ကျွန်တော်တို့က အနောက်တိုင်းဝတ်စုံကို အမြဲဝတ်ရန်မလို။ တစ်ခါတစ်ရံ တာဝန်ဖြင့် နိုင်ငံခြားသွားမှ ဝတ်ရသည်။ အထည်များများ ချုပ်ထားရန်လည်း မလိုပါ။ သို့ဖြစ်၍ ဝတ်စုံချုပ်ရာတွင် အရောင်ရင့်ရင့် ဝတ်စုံ (Dark Suit) များ ရွေးချယ်ချုပ်၍ ဝတ်ဆင်သင့်ပါသည်။ နက်ပြာရောင်၊ မီးခိုးရင့်ရောင် (Charcoal grey)၊ အနက်ရောင်များ အသုံးတည့်ပါသည်။ တရားဝင်သွားရောက်ခရီးသည် ချစ်ကြည်ရေးခရီးမျိုးတွင် အရောင်နုဝတ်စုံများ မဝတ်သင့်ပါ။ အရောင်ရင့်ဆို၍ အစိမ်းရင့်၊ အညိုရင့် စသည်များလည်း ဝတ်လေ့မရှိပါ။ ရှိတာလေးနှင့် လှအောင် ဝတ်ရမည်ဖြစ်၍ စဉ်းစားသင့်ပါသည်။ သတိမထားသည့် သံတမန်များလည်း ရှိတတ်ပါသည်။ သို့ဖြစ်၍ အထည်နည်းနည်းဖြင့် ဘေးအကင်းဆုံးက အရောင်ရင့်ဝတ်စုံများပင်ဖြစ်ကြောင်း အကြံပြုလိုပါသည်။ တွေ့နေကျအရောင်များမဟုတ်လျှင် ရုပ်မြင်သံကြား၊ ဓာတ်ပုံများတွင် ထင်းခနဲ ပေါ်နေတတ်ပါသည်။

**ကုတ်အင်္ကျီ အတိုအရှည်ကလည်း အရေးကြီး**

ကုတ်အင်္ကျီမှာ အရောင်သာမက အတိုအရှည်ကလည်း အရေးကြီးပါသည်။ ကုတ်အင်္ကျီ၏အရှည်မှာ ကုတ်အင်္ကျီဝတ်ပြီး လက်ကိုဘေးဆန့်ချထားပါ။ လက်ဖဝါးမှ လက်ဆစ်နှစ်ဆစ်ချိုးရာတွင် ၎င်းချိုးထားရာ လက်ဆစ်အတွင်း ကုတ်အင်္ကျီ အောက်အနားရှိသင့်ပါသည်။ နောက်ပြီး ကုတ်အင်္ကျီ လက်အရှည်ကလည်း လက်ဖမိုးအထိ ဖုံးမနေသင့်ပါ။ လက်ဆန့်တန်းချထားလျှင် အတွင်းက ရှပ်အင်္ကျီလက်အနားအနည်းငယ်ပေါ် နိုင်သည့် အရှည်သာရှိသင့်ပါသည်။ လုံးဝဖုံးမနေသင့်ပါ။ ဘောင်းဘီကမကျပ်လွန်း၊ မပွလွန်း၊ မတိုလွန်း၊ မရှည်လွန်း သတိပြုရပါမည်။

ရှပ်အင်္ကျီနှင့်ပတ်သက်၍လည်း မပေါ်လွင်မထင်ရှားသည့် အစင်းသေးသေး ရှပ်အင်္ကျီများ ဝတ်ဆင်လေ့ရှိပါသည်။ ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား အကွက်အစင်းများ တောက်ပသောအရောင်ရှိ အင်္ကျီများကို တရားဝင်အခမ်းအနားများတွင် ဝတ်လေ့မရှိပါ။ အခြား နိုင်ငံအကြီးအကဲများအချို့မှာ အင်္ကျီလက်အနားခေါက်၍ လက်ကြယ်သီးဖြင့် ဝတ်ရသော (French Cuff) အင်္ကျီကို ဝတ်လေ့ရှိကြပါသည်။ ရှပ်အင်္ကျီဝတ်၍ လည်စည်းစီးရာတွင်လည်း စမူဆာပုံကို အပေါ်ဆုံးအထိ ဆွဲတင်ရန်နှင့် အပေါ်ဆုံး လည်ပင်းကြယ်သီးတပ်ရန် မမေ့စေလိုပါ။ လည်ပင်းကျပ်နေလျှင်တော့ သင့်ရာလည်ပင်းအကျယ်ရှိ အင်္ကျီကို သုံးရပါမည်။

*စာမျက်နှာ ၁၁ သို့*

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ထိုင်းနိုင်ငံ၌ သွားရောက်အလုပ်လုပ်ကိုင်မည့်အလုပ်သမားများအား လုပ်ငန်းခွင်လေ့ကျင့်သင်ကြားပေးနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၅**

အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်ရှိ ပြည်ပအလုပ်အကိုင် အကျိုးဆောင် (ထိုင်း) လိုင်စင်ရ အေဂျင်စီဖြစ်သည့် VDM Co., Ltd ၌ ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်အလုပ်သမားများအား မိသားစုလွှဲပို့ငွေ ၂၅ ရာခိုင်နှုန်း တရားဝင်လမ်းကြောင်းမှ လွှဲပို့စေရေး၊ ထိုင်းနိုင်ငံ၏ဥပဒေများ၊ ယဉ်ကျေးမှုများနှင့် လုပ်ငန်းခွင်အတွင်း လိုက်နာရမည့် စည်းကမ်းများ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့်စပ်လျဉ်း၍ လုပ်ငန်းခွင်အကြိုသင်တန်း သင်ကြားပို့ချနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ (ဝဲပုံ)



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်ရှိ Myanmar Longsheng Fashion Co., Ltd အထည်ချုပ်စက်ရုံ အစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ခံနှင့် မန်နေဂျာ၊ အလုပ်သမားအဖွဲ့အစည်းဝင်များ၊ လုပ်ငန်းခွင် ညှိနှိုင်းရေးကော်မတီဝင်များ၊ ကျန်းမာရေးတာဝန်ခံများနှင့်တွေ့ဆုံ၍ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနအနေဖြင့် လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှု လျော့နည်းကျဆင်းစေရေး၊ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များ ရရှိစေရေး၊ အလုပ်သမားများလုပ်ငန်းခွင်စည်းကမ်း လိုက်နာစေရေးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်(EC) ကို အလုပ်သမားငါးဦးနှင့် အထက်ရှိသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် EC စာချုပ်ချုပ်ဆိုဆောင်ရွက်ပေးလျက် ရှိကြောင်းနှင့် အလုပ်သမားများ၏ တိုင်ကြားစာများနှင့်ပတ်သက်၍ တိုင်ကြားမှုယန္တရားနှင့်အညီ တည်ဆဲဥပဒေများအရ သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများနှင့် မြို့နယ်တာဝန်ခံအရာရှိများက တိုင်ကြားသူနှင့် တိုင်ကြားခံရသူများကို ခေါ်ယူညှိနှိုင်းစိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စက်ရုံအတွင်း အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) ဖွဲ့စည်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်းတို့ကို အလေးထား ဆောင်ရွက်ရန် မှာကြားပြီး စက်ရုံအတွင်းအလုပ်သမားများ အေးချမ်းစွာအလုပ်လုပ်ကိုင်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၅**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၅**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar Brilliance Auto Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် KAIYI B–EV အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



*စာမျက်နှာ ၁၀ မှ*

ဖိနပ်က အနက်ရောင်ဖြစ်ပြီး ခြေအိတ်က အဖြူ၊ အရောင်နု၊ အစင်းကြားများ မဖြစ်သင့်ပါ။ အနက်ရောင်သာ အကောင်းဆုံးဖြစ်ပါသည်။ အနက်ရောင်ကိုသာ အများသုံးကြကြောင်း မြင်တွေ့ကြရပါသည်။ မသင့်သည့်အရောင်၊ အစင်းအကြားသုံးလျှင် ဒီခေတ်မှာ ချက်ချင်းမြင်သာပါသည်။ ကုလားထိုင်မှာ ထိုင်သည့်အခါ၊ ဘောင်းဘီအောက်အနားက အပေါ်တက်သွားတတ်သဖြင့် ခြေအိတ်တိုလျှင် အထဲက ခြေသလုံးသားပေါ်လာပါမည်။ အသားပေါ်သည်အထိ မတိုသင့်ပါ။ ခြေအိတ်အရှည်ရနိုင်ပါသည်။ အပေါ်က အနောက်တိုင်းဝတ်စုံပြည့်နှင့် လမ်းလျှောက်ဖိနပ် (Walking Shoe) ဝတ်ဆင်ခြင်းများ တွေ့ဖူး၍ ရှောင်ရှားသင့်ပါသည်။ ရာသီဥတုအေးသည့် နိုင်ငံသွားလျှင် ဒူးဆစ်အနားအထိရှည်သည့် (Knee High) ခြေအိတ်မျိုးသုံးရပါသည်။ မြန်မာနိုင်ငံတွင် ဝယ်၍ ရပါသည်။

**လည်စည်း၏ အတိုအရှည်ကိုလည်း သတိပြုရ**

အနောက်တိုင်းဝတ်စုံဝတ်ရာတွင် နက်ကတိုင်လည်စည်း၏ အတိုအရှည်ကိုလည်း သတိပြုရပါမည်။ လည်စည်းစည်းလျှင် အသုံးများသည့် ပုံစံအတိုင်း စည်း၍ အရှည်က ခါးပတ်ခေါင်းကိုထိသည်အထိ ရှည်ရန် လိုပါသည်။ တိုနံ့နံ့ဖြင့် မစည်းရန်နှင့် လည်ပင်းကြယ်သီးဖုံးသည်အထိ ဆွဲတင်ထားရန် လိုအပ်ပါသည်။ လျော့ရဲရဲထုံးထားသည့် လည်စည်းဖြင့် ပုဂ္ဂိုလ်ကို မျက်နှာချင်း ဆိုင်တွေ့ဆုံနှုတ်ဆက်လျှင် သင့်စိတ်ထဲ မည်သို့ရှိပါမည်နည်း။

အနောက်တိုင်းဝတ်စုံတွင် (Lounge Suit) ခေါ် အပေါ်အောက်အရောင်တူသည့် ရုံးတက် ရုံးဆင်းဝတ်စုံ (Office Attire) ပိုမိုတရားဝင်ဆန်သည့် ဝတ်စုံမျိုးဝတ်ကြပါသည်။ Sports Jacket နှင့် Blazer ခေါ် အထက်အောက် အင်္ကျီ၊ ဘောင်းဘီ၊ အရောင်မတူညီဘဲဝတ်သည့် ဝတ်စုံမျိုးလည်းရှိပါသည်။ Sports Jacket ကို အင်္ကျီက နက်ပြာ သို့မဟုတ် အနက်ရောင်နှင့် အောက်ကဘောင်းဘီ မီးခိုးရောင် သို့မဟုတ် အင်္ကျီမီးခိုးရောင်နှင့် ဘောင်းဘီအနက်၊ အင်္ကျီက ရွှေရောင်၊ ငွေရောင်ကြယ်သီးဖြင့် တွဲဝတ်လေ့ရှိသည်။ Lounge Suit ကဲ့သို့ တရားဝင် မလေးနက်သော်လည်း ရုံးဆင်း ရုံးတက် လက်ခံကြသည်။ ခရီးသွားစဉ် ဝတ်ကြပါသည်။ Blazer က တူညီဝတ်စုံမှ ခွဲထုတ်ဝတ်ဆင်ရန်မဟုတ်ပါ။ သို့ရာတွင် သဘောကိုနားမလည်ဘဲ ဟိုဝတ်စုံကအင်္ကျီနှင့် ဒီဝတ်စုံက ဘောင်းဘီတွဲ၍ ယင်းသို့ ဖားတစ်ပိုင်းငါးတစ်ပိုင်း ဝတ်နေကြောင်း တွေ့ရပါသည်။ ဝတ်လာလေ့ရှိကြောင်း တွေ့ရပါသည်။ ဝတ်စုံပျက် ဝတ်လာကြောင်းကို သိသာနိုင်ပါသည်။ ကြယ်သီးအစ ကွဲပြားကြောင်း သတိမမူမိကြပါ။ Sport Coat ဝတ်လျှင် ဝတ်ပါ။ အထက်အောက် အရောင်တူဝတ်စုံဝတ်လျှင် အရောင်တူရန် သတိထားရပါမည်။

ကြည့်တတ်၊ မြင်တတ်၊ ပြင်တတ်စေရန် အနောက်တိုင်းဝတ်စုံ ကိစ္စတင်ပြရင်း၊ လက်ဆွဲနှုတ်ဆက်ခြင်းကိစ္စ တင်ပြလိုပါသည်။ လက်ဆွဲနှုတ်ဆက်ခြင်းမှာ အနောက်တိုင်းဓလေ့ ဖြစ်ပါသည်။ အနောက်တိုင်းဓလေ့ကို အနောက်နိုင်ငံသားများလို နှုတ်ဆက်တတ်ရန် လိုအပ်ပါသည်။

**လက်ဆွဲနှုတ်ဆက်ရာတွင် နည်းမှန်လမ်းမှန် ဖြစ်သင့်**

မြန်မာနိုင်ငံသားများက ယဉ်ကျေးသည်ဟု ပြောပြော၊ အားနာတတ်သည်ဟုပြောပြော လက်ဆွဲနှုတ်ဆက်ရာတွင် အားနည်းချက်များရှိပါသည်။ အထူးသဖြင့် ရာထူးဂုဏ်ရှိန်မြင့်သူနှင့် နှုတ်ဆက်ရာတွင် မှားတတ်ပါသည်။ မိမိနိုင်ငံသားအချင်းချင်း လက်ဆွဲနှုတ်ဆက်ရာတွင် အားနည်းချက်များ ရှိပါသည်။ ရိုးရာဓလေ့အရ ဂါရဝတရား ရှေ့ထားဆောင်ရွက်သည်ကထားတော့ နိုင်ငံခြားသားနှင့် နှုတ်ဆက်ရာတွင် နည်းမှန်လမ်းမှန် ဖြစ်သင့်ပါသည်။

လက်ဆွဲနှုတ်ဆက်လျှင် နှုတ်ဆက်မည့်ပုဂ္ဂိုလ်၏ မျက်နှာကို တည့်တည့်ကြည့်၍ လက်ဖဝါးနှစ်ဖက်ကို တင်းကျပ်လွန်းခြင်း လျော့ရဲလွန်းခြင်းမရှိစေဘဲ ထိတွေ့ ကိုင်တွယ်ရပါမည်။ တင်းကျပ်လွန်းသည်

> **“မြန်မာနိုင်ငံသားများက ယဉ်ကျေးသည်ဟု ပြောပြော၊ အားနာတတ်သည်ဟုပြောပြော လက်ဆွဲနှုတ်ဆက်ရာတွင် အားနည်းချက်များရှိပါသည်။ အထူးသဖြင့် ရာထူးဂုဏ်ရှိန်မြင့်သူနှင့် နှုတ်ဆက်ရာတွင် မှားတတ်ပါသည်။ မိမိနိုင်ငံသားအချင်းချင်း လက်ဆွဲနှုတ်ဆက်ရာတွင် အားနည်းချက်များရှိပါသည်။ ရိုးရာဓလေ့အရ ဂါရဝတရား ရှေ့ထားဆောင်ရွက်သည်ကထားတော့ နိုင်ငံခြားသားနှင့် နှုတ်ဆက်ရာတွင် နည်းမှန်လမ်းမှန်ဖြစ်သင့်”**

ဆိုရာဝယ် ဖိညှစ်ထားရန် မလိုသကဲ့သို့ စိတ်မပါသကဲ့သို့ ဝတ်ကျေတမ်းကျေ လျော့ရဲစွာ မထိတွေ့ရန်လည်း လိုအပ်ပါသည်။ အမျိုးသမီးများနှင့် လက်ဆွဲနှုတ်ဆက်ရာတွင် တင်းတင်းကျပ်ကျပ် ဆုပ်မထားရန် သတိပြုရပါသည်။ ဘာသာအယူဝါဒအရ အမျိုးသမီးများက လက်ဆွဲနှုတ်ဆက်လေ့မရှိသည့် နိုင်ငံများရှိပါသည်။ အခြေအနေကို သိရှိသုံးသပ်ဆောင်ရွက်တတ်ရပါမည်။ ကျွန်တော်တို့ မှားတတ်သည်က နှုတ်ဆက်သူကို မကြည့်၊ အချို့က ခေါင်းငုံ့ထား၍ နှုတ်ဆက်တတ်သည်၊ လက်ဆွဲနှုတ်ဆက်သည့် ယာဘက်လက်ကောက်ဝတ်ကို ဘယ်လက်ဖြင့် ဆုပ်၍လည်းကောင်း၊ ယာဘက်တံတောင်ဆစ်ကို ဘယ်လက်ဖြင့်ထိကိုင်၊ ပင့်မ၍လည်းကောင်း၊ ရွံ့တွန့်တွန့်အမူအရာဖြင့် နှုတ်ဆက်တတ်ခြင်းက မှားနေပါသည်။ ကြည့်၍ မြင်၍၊ ပြင်တတ်ပါစေ။

ဆောင်းပါးရှင်အနေဖြင့် ဝါသနာပါ၍ လေ့လာရရှိသည်များကို ဤမျှသာ မျှဝေလိုပါသည်။ ဓလေ့၊ ထုံးစံ၊ အထာများကလည်း များပါသည်။ ကြည့်တတ်၊ မြင်တတ်၊ ပြင်တတ်စေရန် အကျဉ်းမျှသာ ဖော်ပြရခြင်းဖြစ်ပါသည်။ ဝတ်စားဆင်ယင်မှုအပြင် စားပွဲပေါ်မှ ဇွန်း၊ ခက်ရင်း၊ ဖန်ခွက်၊ ပန်းကန်ခွက်ယောက် အခေါ်အဝေါ် ဓလေ့ထုံးစံ စသည်များဖြင့် လေ့လာလိုလျှင် လေ့လာသင့်သည့် အချက်အလက်များစွာ ရှိပါမည်။ Dress code, table manners, Etiquette များဖြစ်ပါသည်။

ဤဆောင်းပါးပါ အကြောင်းအရာများကို သိပြီးသူ အများအပြားရှိနိုင်ပါသည်။ အငြိုအငြင်မခံရစေရန် မပြောမဆို၊ ရှောင်တိမ်းနေသူများလည်း ရှိပါသည်။ စာရေးသူအနေဖြင့် အလုံးစုံအကျွမ်းတဝင် မရှိပါသော်လည်း ကြည့်တတ်၊ မြင်တတ်၊ ဖတ်ရှုတတ်ရာမှာ မှတ်မိသမျှကို မျှဝေခံစားရခြင်းဖြစ်ပါကြောင်း လေးစားစွာ ဖော်ပြအပ်ပါသည်၊ မြင်တတ်၊ ပြင်တတ်ရန် ရည်ရွယ်ပါသည်။

ဖတ်ရှုလေ့လာလိုလျှင် လက်တစ်ဝါးစာမျှ၊ အိတ်ဆောင်အရွယ် စင်ကာပူမှရသည့် How Not To Loose Face စာအုပ်ငယ်ရှိပါသည်။ ပြည့်စုံသည့် အခြားတစ်အုပ်မှာ Emily Post ၏ Etiquette စာအုပ်က လက်သုံးလုံးခန့်ထူပြီး ၁၉၂၂ ခုနှစ်က စတင်ထုတ်ဝေခဲ့ရာ ယခု ၁၄/၅ ကြိမ် ပြန်ရိုက်ရပြီးဖြစ်ပါသည်။ နောက်တစ်အုပ်ကတော့ Mary Jane Me Caffree and Paulene Innis ရေးသည့် Protocol, The Complete Hand Book of Diplomatic Official and Social Usage စာအုပ်နှင့် အခြားစာအုပ်ဖြစ်ပါသည်။ အချို့ မမှတ်မိတော့ပါ။ စာအုပ်များက အစုံရေးထား၍ လိုတာ၊ အသုံးတည့်တာကိုသာ ဖတ်ရှုရန်ဖြစ်ပါသည်။

ကြည့်တတ်၊ မြင်တတ်၊ ပြင်တတ်စေရန် အကျဉ်းရေးသားဖော်ပြခြင်းဖြစ်ပါသည်။ မည်သူကိုမျှ ရည်ညွှန်းထိပါးစေရန် မရည်ရွယ်ပါကြောင်း ဖော်ပြအပ်ပါသည်။ ဆောင်းပါးရှင်အနေဖြင့် ဤဆောင်းပါးမျိုးကို ၁၉၉၁ ခုနှစ်က စတင်ရေးခဲ့ပါသည်။ နှစ်ပတ်လည် မဂ္ဂဇင်း၊ မြို့နယ်အသင်းအချို့တွင် ရေးသားဖော်ပြခဲ့ဖူးပါကြောင်း ဖော်ပြအပ်ပါသည်။ ။

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကို ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားသို့တက်ရောက်

**ထားဝယ် စက်တင်ဘာ ၅**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲ က ထားဝယ်မြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ပြည်သူများမှန်ကန်သည့် အသိဉာဏ် ဗဟုသုတများ တိုးပွားစေရန်အတွက် စာဖတ်ကြရန်၊ စာဖတ်နိုင်သော ပတ်ဝန်းကျင်ကောင်းများ ဖန်တီးကြရန် နိုင်ငံတော်က အစဉ်အမြဲဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၏ အနာဂတ်ကို အသိပညာပြည့်ဝသည့် လူငယ်များနှင့် တည်ဆောက်ကြမည်ဆိုပါက ကမ္ဘာ့အလယ်၌ နိုင်ငံတကာကို ရင်ပေါင်တန်းနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ခေတ်လူငယ်များ၏ဘဝသည် အလွန်အရေးကြီးပြီး ပြုစုပျိုးထောင်ပေးရန်လိုအပ်ကြောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများသည် နိုင်ငံတော်အစိုးရတစ်ခုတည်းက ဆောင်ရွက်ကြရမည့် လုပ်ငန်းမဟုတ်ဘဲလူ့အဖွဲ့အစည်းအသီးသီးက ပါဆောင်ရွက်ကြရမည့်လုပ်ငန်းဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လူငယ်စာပေဆွေးနွေးပေးပါသော ကျောင်းသား ကျောင်းသူလေးဦးအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး စကားရည်လုပြိုင်ပွဲတွင်အနိုင်ရအဖွဲ့များအား ဆုချီးမြှင့်ပေးသည်။ ယင်းနောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးက စာစီစာကုံး (အထက်တန်း) အဆင့်တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖြစ်မြောက်အောင်မြင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ် ၂၅ သိန်း၊ အလှူရှင်များနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များက ကျောင်းသား ကျောင်းသူများကို အာဟာရကျွေးမွေးခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နိုင်ငံအကျိုးအတွက် မှန်းမျှော်ရည်ခိုင်မာတိုးတက်စေရမည်၊ သုတဝေဖြာမျှဝေရာ ပညာဘဏ်တိုက် စာကြည့်တိုက် video clip ပြသမှုနှင့် စာဖတ်ရှိန် မြှင့်တင်ရေးလှုပ်ရှားမှုမှတ်တမ်းဗီဒီယိုအားပြသရာတွင် ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာစာရေးဆရာအဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာ




**ရန်ကုန် စက်တင်ဘာ ၅**

မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) ဦးဆောင်သော မြန်မာစာရေးဆရာအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုသံရုံး၏ ဖိတ်ကြားချက်အရ စာပေဖလှယ်ရေး၊ ယဉ်ကျေးမှုဖလှယ်ရေး၊ နှစ်နိုင်ငံ၏ စာကောင်းပေမွန်များ အပြန်အလှန် ဘာသာပြန်ထုတ်ဝေနိုင်ရေးကိစ္စရပ်များ ဆွေးနွေးရန်နှင့် လေ့လာရေးခရီးသွားရောက်ရန်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စက်တင်ဘာ ၅ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

### အဖွဲ့ဝင် ၁၀ ဦး ပါဝင်

အဆိုပါစာရေးဆရာအဖွဲ့တွင် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာပေဆု၊ တပ်မတော်နေ့အထိမ်းအမှတ်ပြိုင်ပွဲစာပေဆု၊ မဲခေါင်စာပေဆုရ စာရေးဆရာ ဆရာမများ၊ ဘာသာပြန်စာရေးဆရာများ၊ ပုံနှိပ်ထုတ်ဝေသူများနှင့် မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌများ အစရှိသည့် အဖွဲ့ဝင် ၁၀ ဦး ပါဝင်သည်။

### ပို့ဆောင်နှုတ်ဆက်

ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) ဦးဆောင်သည့် စာရေးဆရာကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးများက လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အိန္ဒိယနိုင်ငံ National Defence College သင်တန်းသားများ မြန်မာနိုင်ငံရှိ အထင်ကရ နေရာများသို့ လေ့လာရေးခရီးစဉ် လာရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၅**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ National Defence College မှ အကြီးတန်း နည်းပြအရာရှိ (Senior Directing Staff)ဖြစ်သူ Major General Ajay Kumar Singh, AVSM, SM ဦးဆောင်သော သင်တန်းသားများသည် လေ့လာရေးခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ စက်တင်ဘာ ၁ ရက်တွင် ရောက်ရှိခဲ့ကြသည်။



အဆိုပါ သင်တန်းသားများသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ရန်ကုန်မြို့ရှိ ရွှေတိဂုံ စေတီတော်မြတ်ကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက် လေ့လာလည်ပတ်ခြင်း၊ သူရဲကောင်းဗိမာန် (နေပြည်တော်) သို့ သွားရောက်ဂါရဝပြုလေ့လာခြင်း၊ တပ်မတော်စစ်သမိုင်း ပြတိုက် (နေပြည်တော်)နှင့် မြန်မာ့ကျောက်မျက်ရတနာ ပြတိုက် (နေပြည်တော်) သို့ သွားရောက် လေ့လာခြင်းများ ဆောင်ရွက်ကြသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ National Defence College သင်တန်းသားများသည် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက တက္ကသိုလ်၏သမိုင်းကြောင်းအား ရှင်းလင်းပြသသည်။ ထို့နောက် အဆိုပါလေ့လာရေးအဖွဲ့သည် ကျောင်းစာကြည့်တိုက်နှင့် ကျောင်းသမိုင်းပြတိုက်တို့အား လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့သည် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။ ယင်းနောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

အိန္ဒိယနိုင်ငံ National Defence College မှ လေ့လာရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိန္ဒိယနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❒ *ကျော့ဖုံးမှ*

Flyweight Submission Grappling World Championship တွင် အမေရိကန်နိုင်ငံသား မစ်ကီနှင့် ဘရာဇီးနိုင်ငံသား ဘီဘီတိုတို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ အောင်လအန်ဆန်နှင့် အာဒိုဂန်ပွဲကို ပွဲစဉ် (၉) ၌ ကျင်းပမည်ဖြစ်သည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်းစိန်ခေါ်ပွဲအဖြစ် တူရကီနိုင်ငံသားအာဒိုဂန်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး တစ်နှစ်ကျော် ဝေးကွာပြီးမှ ပွဲထိုးသတ်ခွင့်ရရှိခြင်းဖြစ်သည်။ အောင်လအန်ဆန်နှင့် အာဒိုဂန်သည် ပထမဆုံးအကြိမ် တွေ့ဆုံခြင်းဖြစ်ပြီး အနိုင်ရရှိသူမှာ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်စိန်ခေါ်ခွင့်ရရန် နီးစပ်ဖွယ်ရှိနေသည်။ အောင်လအန်ဆန်သည် ၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် တရုတ်နိုင်ငံသား ဖန်ယုံနှင့် ထိုးသတ်ပြီးကတည်းက ပွဲမရတော့ခြင်းဖြစ်ပြီး ၁၆ လကျော်ကြာမှသာ ပွဲထိုးသတ်ခွင့်ရမည်ဖြစ်သည်။

အောင်လအန်ဆန်သည် ONE Championship ၏ လိုက်ဟဲဗီးဝိတ်တန်းနှင့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်းဖြစ်ပြီး ချန်ပီယံခါးပတ်နှစ်ခုလက်လွှတ်ရပြီးနောက်ပိုင်း စိန်ခေါ်ပွဲငါးပွဲထိုးသတ်ထားရာ လေးပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။ အောင်လအန်ဆန်သည် နောက်ဆုံးသုံးပွဲဆက်တိုက်အနိုင်ရထားသော်လည်း ယခုပွဲကို မစ်ဒယ်ဝိတ်တန်းစိန်ခေါ်ပွဲအဖြစ်သာ ထိုးသတ်ရမည်ဖြစ်သည်။

အောင်လအန်ဆန်နှင့် အာဒိုဂန်သည် နောက်ဆုံးပွဲကို ၂၀၂၃ ခုနှစ် နှစ်လယ်ပိုင်းတွင် တရုတ်နိုင်ငံသား ဖန်ယုံနှင့် ထိုးသတ်ထားပြီး နှစ်ဦးစလုံးအနိုင်ရရှိထားသည်။

အာဒိုဂန်နှင့် ထိုးသတ်မည့်ပွဲမှာ အောင်လအန်ဆန်အတွက် ONE Championship အဖွဲ့အစည်းနှင့် လက်တွဲအပြီး ပွဲ ၂၀ မြောက်နှင့် ၁၀ နှစ်ပြည့်တွင် ထိုးသတ်ခွင့်ရသည့် ပထမဆုံးပွဲလည်း ဖြစ်သည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ-ONE Championship**

# တရုတ် - အာဖရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် 2024 FOCAC ဖွင့်ပွဲ အခမ်းအနားကျင်းပ



ဘေကျင်း စက်တင်ဘာ ၅

**တရုတ် – အာဖရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် 2024 FOCAC ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဘေကျင်းမြို့ရှိ Great Hall ခန်းမ၌ ကျင်းပသည်။ အဆိုပါအခမ်းအနားတွင် တရုတ်သမ္မတရှီကျင့်ဖျင်၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် တက်ရောက်လာကြသည့် အာဖရိကနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များက မိန့်ခွန်းပြောကြားကြသည်။**

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်က တရုတ် – အာဖရိက မိတ်ဖက်ဆက်ဆံရေးသည် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၏ ထွန်းလင်းသော စံနမူနာဖြစ်ကြောင်း အလေးပေးပြောကြားပြီး တရုတ်နိုင်ငံသည် အာဖရိကရှိ အခြေခံအဆောက်အအုံချိတ်ဆက်မှု ပရောဂျက် ၃၀ ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အရည်အသွေးမြင့် Belt and Road ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် ကုန်းလမ်း–ရေလမ်းချိတ်ဆက်ထားသည့် တရုတ်–အာဖရိက ကွန်ရက်ကို ထူထောင်ရန် ပြင်ဆင်လျက်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

“ခေတ်မီရေးကို လက်တွဲတွန်းအားပေးပြီး အရည်အချင်းမြင့် တရုတ်–အာဖရိက ကံကြမ္မာ အသိုင်းအဝိုင်းကို လက်တွဲတည်ဆောက်ခြင်း” ခေါင်းစဉ်ဖြင့် တရုတ် – အာဖရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် 2024 FOCAC ကို စက်တင်ဘာ ၄ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အာဖရိကနိုင်ငံ ၅၃ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ဝေယံ (သုတေသန)

## အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ်၌ ကျောင်းတွင်းပစ်ခတ်မှုဖြစ်ပွား၍ လေးဦးသေဆုံး

**ဂျော်ဂျီယာ စက်တင်ဘာ ၅**

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် အပက်လေချီ အထက်တန်းကျောင်း၌ စက်တင်ဘာ ၄ ရက်က ကျောင်းတွင်းပစ်ခတ်မှုဖြစ်ပွားရာ ဆရာနှစ်ဦးနှင့် ကျောင်းသားနှစ်ဦးသေဆုံးသွားခဲ့သည်ဟု သိရသည်။ အသက် ၁၄ နှစ်အရွယ် ကျောင်းသားတစ်ဦးကို ဖမ်းဆီးထားကြောင်း ရဲဌာနက ပြောသည်။

အဆိုပါ ပစ်ခတ်မှုအတွင်း ကိုးဦးဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ ကျောင်းတွင်းပစ်ခတ်မှုဖြစ်ပွားနေသည်ဟု အေဂျင်စီများစွာမှ အရာရှိများထံ သတင်းပို့မှုများ ရောက်ရှိလာခဲ့သည်။ ယင်းသို့ သတင်းရရှိပြီးနောက် ကျောင်းသားများကို ကယ်တင်ရန် အေဂျင်စီများမှ အရာရှိများ ရောက်ရှိလာခဲ့သည်။ ထို့နောက် ကျောင်းသားမိဘများသည် ၎င်းတို့၏သားသမီး ဘေးကင်းလုံခြုံမှု ရှိမရှိသိရှိရန် ကျောင်းသို့ရောက်ရှိလာကြသည်။




စာသင်ကျောင်းရှေ့ မြက်ခင်းပြင်တွင် ဆေးဘက်ဆိုင်ရာ ရဟတ်ယာဉ်ကို တွေ့ရစဉ်။

အချက်ပြသံကို ကြားရသော်လည်း နေ့စဉ်လုပ်ဆောင်နေကြ လေ့ကျင့်မှုဟုပင် ထင်ခဲ့ကြောင်း အဆိုပါကျောင်းမှ ကျောင်းသားတစ်ဦးက ပြောသည်။ ဖြစ်စဉ်နှင့်ပက်သက်၍ အဆိုပါကျောင်းမှ ကျောင်းသားတစ်ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း ဂျော်ဂျီယာစုံစမ်းစစ်ဆေးရေးဗျူရို၏ အေးဂျင့်များက ပြောသည်။

၎င်းကို လူသတ်မှုဖြင့် တရားစွဲဆိုသွားမည်ဟု သိရသည်။ သေနတ်ဖြင့် အကြမ်းဖက်မှုမှာ လူမှုအသိုင်းအဝိုင်းကို မည်မျှ ကြောက်စရာဖြစ်စေကြောင်း ထပ်မံသတိပေးသည့် ဖြစ်ရပ်ပင်ဖြစ်သည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောသည်။

အင်န်အိတ်ချ်ကေ

## လူထုသဘောထား စစ်တမ်းကောက်ယူမှု၌ ဟားရစ်နှင့် ထရမ့်တို့ အကြိတ်အနယ်ဖြစ်နေ

**ဝါရှင်တန် စက်တင်ဘာ ၅**

အမေရိကန် သမ္မတဟောင်း ဒေါ်နယ်ထရမ့်နှင့် ဒုတိယသမ္မတ ကာမလာဟားရစ်တို့၏ သမ္မတရွေးကောက်ပွဲအတွက် လူထုသဘောထား စစ်တမ်းကောက်ယူမှုတွင် သူမသာ ကိုယ်မသာ ဖြစ်နေသည်ဟု သိရသည်။

ဩဂုတ် ၃၀ ရက်အထိ စစ်တမ်းကောက်ယူမှုတွင် ဟားရစ်သည် ထောက်ခံမှု ၄၈ ဒသမ ၁ ရာခိုင်နှုန်း ရရှိထားပြီး ထရမ့်သည် ၄၆ ဒသမ ၂ ရာခိုင်နှုန်းရရှိထားသည်ဟု နိုင်ငံရေး သတင်းအချက်အလက်ဆိုဒ်ဖြစ်သည့် Real Clear Politics က ပြောသည်။ စက်တင်ဘာ ၄ ရက်အထိ ပြည်နယ်ခုနစ်ခု၌ စစ်တမ်းကောက်ယူမှုတွင် ဟားရစ်က ထောက်ခံမှု ၄၇ ဒသမ ၇ ရာခိုင်နှုန်းရရှိထားပြီး ထရမ့်က ၄၇ ဒသမ ၅ ရာခိုင်နှုန်း ရရှိသည်ဟု ပြသထားသည်။

ဟားရစ်သည် နီဗားဒါး၊ ဝစ်ကွန်ဆင်၊ မီချီဂန်နှင့်ဂျော်ဂျီယာ ပြည်နယ်တို့တွင် မဲအရေအတွက် အနည်းငယ်အသာဖြင့် ဦးဆောင်နေပြီး အရီဇိုးနားနှင့် မြောက်ကာရိုလိုင်းနား ပြည်နယ်တို့တွင် ထရမ့်က ထောက်ခံမဲအနည်းငယ် အသာဖြင့် ဦးဆောင်နေသည်။ ၎င်းတို့နှစ်ဦးစလုံးမှာ ပင်ဆယ်ဗေးနီးယားပြည်နယ်တွင် ထောက်ခံမဲ ၄၇ ဒသမ ၂ ရာခိုင်နှုန်းရရှိရန် ကြိုးပမ်းနေကြသည်။

အဆိုပါပြည်နယ်ခုနစ်ခုအနက် ဝစ်ကွန်ဆင်ပြည်နယ်တွင် ၎င်းတို့နှစ်ဦးကြား အကြီးဆုံးကွာဟချက်မှာ ၁ ဒသမ ၄ ပွိုင့်သာ ဖြစ်သည်။

အင်န်အိတ်ချ်ကေ



## အီတလီနိုင်ငံ လမ်ပီဒူဆာကျွန်း၌ စက်လှေတိမ်းမှောက်ပြီး ၂၁ ဦး ပျောက်ဆုံး

**ရောမ စက်တင်ဘာ ၅**

အီတလီနိုင်ငံ လမ်ပီဒူဆာကျွန်းတွင် စက်တင်ဘာ ၂ ရက်က စက်လှေတိမ်းမှောက်မှုကြောင့် ခုနစ်ဦးကိုကယ်တင်နိုင်ခဲ့ပြီး ၂၁ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်ဟု အီတလီကမ်းခြေစောင့်တပ်က စက်တင်ဘာ ၄ ရက်တွင် ပြောသည်။ အသက်ရှင်ကျန်ရစ်သူများကို လမ်ပီဒူဆာကျွန်း အနောက်တောင်ဘက် ရေမိုင် ၁၀ မိုင်ခန့်အကွာမှ ကယ်တင်နိုင်ခဲ့ကြောင်း စက်တင်ဘာ ၄ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အသက်ရှင်ကျန်ရစ်သူများက ၎င်းတို့သည် စက်တင်ဘာ ၁ ရက်တွင် လစ်ဗျားနိုင်ငံမှ ထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်း၊ စက်လှေပေါ်လိုက်ပါလာသူ ၂၈ ဦးအနက် ကလေးငယ်များအပါအဝင် ၂၁ ဦးမှာ ဆိုးရွားသည့် ရာသီဥတုအခြေအနေကြောင့် ပင်လယ်ထဲသို့ကျသွားကြောင်း ကယ်ဆယ်ရေးသမားများကို ပြောသည်။

ဒုက္ခသည်များကို လမ်ပီဒူဆာကျွန်းတွင်ချထားခဲ့ပြီး ပျောက်ဆုံးနေသူများကိုရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်ဟု သိရသည်။

ဆင်ဟွာ

## ကုလသမဂ္ဂက ဘင်္ဂလားဒေ့ရှ် ရေဘေးအတွက် အမေရိကန်ဒေါ်လာ လေးသန်း ခွဲဝေချထားပေး

**ဂျီနီဗာ စက်တင်ဘာ ၅**

ကုလသမဂ္ဂအနေဖြင့် ၎င်း၏ ဗဟိုအရေးပေါ်တုံ့ပြန်ရေးရန်ပုံငွေမှ ရေကြီးရေလျှံမှုများ ခံစားခဲ့ရသော ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် အမေရိကန်ဒေါ်လာလေးသန်း ခွဲဝေပေးခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက စက်တင်ဘာ ၄ ရက်က ပြောကြားလိုက်သည်။

လွန်ခဲ့သည့်လနှောင်းပိုင်းမှစပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်ရှိသည့် အမျိုးသား၊ အမျိုးသမီး၊ ကလေးပေါင်း ခြောက်သန်းနီးပါး ထိခိုက်ခဲ့သည့် ရေကြီးရေလျှံမှု တုံ့ပြန်ရေးအတွက်အသုံးပြုရန် အဆိုပါငွေကို ကုလသမဂ္ဂအရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူး ဂျိုင်စီဆူယာက ခွဲဝေချထားပေးခဲ့ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် စတီဘင်ဒူဂျာရစ်က ပြောကြားခဲ့သည်။

ယခုအချိန်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လူပေါင်း ၅၀၀၀၀၀ ခန့်ကို ခိုလှုံရေးစခန်းပေါင်း ၃၄၀၀ ကျော်သို့ ရွှေ့ပြောင်းပေးထားကြောင်းနှင့် ရေကြီးရေလျှံမှုကြောင့် စာသင်ကျောင်းပေါင်း ၇၀၀၀ ကျော်ကို ပိတ်လိုက်ရသောကြောင့် ကျောင်းသားကျောင်းသူ ၁ ဒသမ ၇ သန်းခန့် ပညာသင်ကြားရေးတွင် နှောင့်နှေးခဲ့ရသည်။ ရေကြီးရေလျှံမှုများကြောင့် မွေးမြူရေးနှင့် ငါးလုပ်ငန်းကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၅၆ သန်း ဆုံးရှုံးခဲ့ရသည်။

မိမိတို့နှင့်အတူ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်များသည် ရေဘေးတုံ့ပြန်ဆောင်ရွက်ရေးအတွက် အစိုးရဦးဆောင်သော ရေဘေးတုံ့ပြန်ရေးတွင် ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း ဒူဂျာရစ်က ပြောသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ယခုနှစ်အတွင်း ရာသီဥတုနှင့် ဆက်နွှယ်သော ဘေးအန္တရာယ်ကြီးလေးခု ကြုံတွေ့ခဲ့ရသည်။ **ဆင်ဟွာ**

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅/ ၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ဂုဏ်ပြုကြိုဆို



**နေပြည်တော် စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများသည် ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ထို့နောက် သက်ဆိုင်ရာသင်တန်းကျောင်းများမှ တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။


သတင်းစဉ်

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင် ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ် ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြတ်မ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိသည်။

တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ်ဩဂုတ်လအတွင်း သတင်းရရှိမှု (၄၄)ကြိမ်ရရှိခဲ့ပြီး သတင်းမှားနှစ်ကြိမ်၊ နောက်ကျသတင်း တစ်ကြိမ်နှင့် ဖမ်းဆီးရမိမှု (၄၁)ကြိမ် ဖြစ်သည်။





၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း ဖမ်းဆီးရမိမှု

သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိအမှုတွဲ (၆၁) မှ ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်းမျိုး ၆၀ အပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၂ ဒသမ ၀၇၅ သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များ အပါအဝင် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။

၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း ဖမ်းဆီးရမိမှုတန်ဖိုးကျပ် ၉၄၂ ဒသမ ၀၇၅ သန်း၏ ၂၀ ရာခိုင်နှုန်း ဖြစ်သော ကျပ် ၁၈၈ ဒသမ ၄၁၅ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများမှလည်း မြန်မြန်ဆန်ဆန်ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် တာဝန်သိ ပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှု သတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း - ၀၉၄၀၄၃၃၉၉၆၉၉၊ အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ - ၃၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ပါကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ *ကျောက်ဖုံမှ*

ကော်ဖီပင်ဧက ၁၉၇ ဧက လျာထားဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ကော်ဖီပင် ၁၉၇ ဧကနှင့် ကိုကိုးပင်ဧက ၃၀ ကို တောင်သူများအား စည်းရုံးစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသခံ တောင်သူတွေ ကွမ်းသီးခြံတွေမှာ ကွမ်းသီးဈေးကျနေတာ ကြုံတွေ့နေရပါတယ်။ ဒီလိုကွမ်းသီးဈေးကျနေတဲ့အတွက် ကျွန်တော်တို့ဌာနက တောင်သူတွေ အပိုဝင်ငွေတိုးတက်ရရှိစေဖို့ ကွမ်းသီးခြံတွေမှာ သီးညှပ်စနစ်အနေနဲ့ ကော်ဖီနဲ့ ကိုကိုးသီးပင်တွေ တိုးချဲ့စိုက်ပျိုးနိုင်ရန် ရည်ရွယ်ချက်နဲ့ တောင်သူတွေကို စည်းရုံးပြီး အပိုဝင်ငွေရရှိအောင် ကော်ဖီနဲ့ ကိုကိုးပျိုးပင်တွေကို အခမဲ့ပေးအပ်ပြီး စိုက်ပျိုးစေခဲ့ပါတယ်။ ယခင်နှစ်ကထက် ယခုနှစ်မှာလည်း လျာထားဧကအတိုင်း ကော်ဖီ ၁၉၇ ဧကကို ပြည့်မီ စိုက်ပျိုးနိုင်ခဲ့တယ်။ ဒီနှစ်မှာတော့ ကိုကိုးပင်ဧက ၃၀ ကိုလည်း တိုးချဲ့စိုက်ပျိုးနိုင်တဲ့အတွက် ကော်ဖီနဲ့ ကိုကိုးပင်ဧက စုစုပေါင်း ၂၂၇ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်ဇော်က ပြောကြားသည်။

တနသ်ာရီမြို့နယ်ရှိ ဒေသခံတောင်သူများ သီးညှပ်သီးနှံအဖြစ် တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ယခုနှစ်တွင် ကော်ဖီပျိုးပင် ၈၅၀၀၀ နှင့် ကိုကိုးပျိုးပင် ၁၂၀၀၀ တို့ကို တောင်သူများအား အခမဲ့ထောက်ပံ့ပေးအပ်ပြီး ယခုနှစ်တွင် လျာထားဧက ပြည့်မီအောင် ကော်ဖီနှင့် ကိုကိုးသီးနှံဧကပေါင်း ၂၂၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တနသ်ာရီမြို့နယ်တွင် နှစ်ရှည်သီးနှံအဖြစ် ရော်ဘာနှင့် ကွမ်းသီးပင်များကို အဓိကထား စိုက်ပျိုးလျက်ရှိပြီး နှစ်ရှည်သီးနှံပင်များဖြစ်သည့် ရော်ဘာပင်နှင့် ကွမ်းသီးပင်များကြား သီးညှပ်အဖြစ် ကော်ဖီနှင့် ကိုကိုးသီးနှံပင်များကို တိုးချဲ့စိုက်ပျိုးခြင်းဖြင့် မြေတစ်ယူနစ်အသုံးချမှု တိုးတက်လာစေရန်၊ တောင်သူများ၏ ဝင်ငွေတိုးပွား၍ လူနေမှုဘဝမြင့်မားလာစေရန်၊ ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် မြန်မာ့ကော်ဖီ ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရန် စသည့် ရည်ရွယ်ချက်ဖြင့် တောင်သူများအား နည်းပညာပေးခြင်း၊ ပျိုးပင်များကို အခမဲ့ပေးအပ် စိုက်ပျိုးစေခဲ့ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

# ချောက်မြို့တွင် စားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များအား ကွင်းဆင်းစစ်ဆေးပြီး အသိပညာပေးဆွေးနွေးဆောင်ရွက်

**ချောက် စက်တင်ဘာ ၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်မြတ်မြတ်မိုး ဦးဆောင်၍ ယမန်နေ့က ချောက်မြို့ပေါ်ရှိ စားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ပဲကြော်လုပ်ငန်းနှင့် အာလူးကြော်လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းရှင်များအား အသိပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် စားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများဖြစ်သည့် ပဲကြော်လုပ်ငန်းနှင့် အာလူးကြော်လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များအတွက် ခွင့်ပြုပေးထားသည့် လုပ်ငန်းသုံးဆီများ အမှန်တကယ် သုံးစွဲခြင်းရှိ/မရှိ စစ်ဆေးပြီး လုပ်ငန်းရှင်များအား မြို့နယ်တာဝန်ခံ ဒေါ်မြတ်မြတ်မိုးက စားသုံးသူမိတ်ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်စေရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး၊ ကုန်စည်များပေါ်တွင် ကုန်စည်အမျိုးအစားကိုလိုက်၍ ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှန်ကန်စွာ ဖော်ပြခြင်းရှိ/မရှိတို့ကို စစ်ဆေးပြီး သတ်မှတ်အရည်အသွေးပြည့်မီသော ကုန်စည်များကိုသာ ရောင်းချရေး၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရေး၊ စားသုံးသူများ စိတ်ကျေနပ်မှုရှိစေရေးနှင့် စားသုံးသူဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ တားမြစ်ချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

မြတ်မြတ်မိုး (ချောက်)



# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ မွန်ပြည်နယ်မှ အမျိုးသား/ အမျိုးသမီး စစ်တုရင်အားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်နိုင်ရေး ပဏာမလက်ရည်စမ်းပြိုင်ပွဲ ကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၅**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ မွန်ပြည်နယ်မှ အမျိုးသား/ အမျိုးသမီး စစ်တုရင်အားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ပဏာမလက်ရည်စမ်းပြိုင်ပွဲ အခမ်းအနားကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး ရာမညခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းက ဝန်ကြီးဌာနအတွင်း ဂေါက်သီးရိုက်၊ ထုပ်ဆီးတိုး၊ လွန်ဆွဲ၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ ရေကူး၊ ဘောလီဘော၊ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဖူဆယ်ဘောလုံး၊ စစ်တုရင်၊ လက်ဝှေ့၊ ကြက်တောင်၊ စက်ဘီး အစရှိသော အားကစား နည်းများကို ပြည်နယ်/တိုင်းဒေသကြီးအလိုက် ခွဲဝေတာဝန်ပေးအပ်ရာ မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအနေဖြင့် စစ်တုရင် အားကစားနည်းကို ပါဝင် ယှဉ်ပြိုင်ရကြောင်းနှင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ (ပထမပတ်)တွင် နေပြည်တော်၌ ကျင်းပမည့် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် စစ်တုရင်အားကစားနည်း ပါဝင်ယှဉ်ပြိုင်နိုင်ရေး အဆင့်အတန်းမီသော အားကစားသမား ရရှိရေးတို့အတွက် ပါဝင်ယှဉ်ပြိုင်ကြမည့် ဝန်ထမ်းများအနေဖြင့် ဉာဏ်စွမ်းရှိသမျှ ကြိုးစားယှဉ်ပြိုင်သွားကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းက စစ်တုရင်ရုပ်အား အကွက်ရွှေ့၍ ပြိုင်ပွဲအားဖွင့်လှစ်ပေးခဲ့ပြီး ပြိုင်ပွဲဝင်များ၏ ဝင်ရောက် ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ ကျင်းပသည့် မွန်ပြည်နယ်မှ အမျိုးသား/ အမျိုးသမီးစစ်တုရင်အားကစားပြိုင်ပွဲသို့ ပါဝင် ယှဉ်ပြိုင်နိုင်ရေးအတွက် ပဏာမ လက်ရည်စမ်းပြိုင်ပွဲကို ပြိုင်ပွဲဝင် ၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)



# (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

*(ယမန်နေ့မှအဆက်)*

**“ခေတ်ဟောင်းတေး/ ကာလပေါ်တေးများ” ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

**၇။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား)**
- (က) ကောက်ရိတ်ချိန် (မောင်ပွကြီး)
- (ခ) သန္တုဋ္ဌိစ (မောင်မောင်ကြီး)
- (ဂ) အောင်မြင်ခြင်းအတူတူ (စန္ဒရားထွန်းညွန့်)
- (ဃ) အန္တရာယ်ကင်း (ဂီတာစိမ်းမောင်)

**၈။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသမီး)**
- (က) ချစ်စရာ့ရွှေတမာ (ရီရီသန့်)
- (ခ) ဟေမန္တရဲ့သဘာဝ (သင်းသင်းမြတ်)
- (ဂ) ပါရမီတော် (တင်တင်မြ)
- (ဃ) အနန္တငါးဖြာ (မေစိန်)

**၉။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား)**
- (က) ကိုယ့်ရပ်ဌာနေ (စန္ဒရားထွန်းညွန့်)
- (ခ) ရှင်သီဝလိ (ပြည်လှဖေ)
- (ဂ) မောင့်တိုင်းပြည် (ရေနံ့သာဝင်းမောင်)
- (ဃ) ဂုဏ်တော်ဖွင့် (ပြည်လှဖေ)

**၁၀။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသမီး)**
- (က) သီရိရတနာ (ဒေါ်ကြည်အောင်)
- (ခ) အဆင်းလှတဲ့ပင်းတယ (ခင်သစ်လွင်)
- (ဂ) ဓမ္မစက်တော် (မြင့်မြင့်ရှိန်)
- (ဃ) မြန်မာ့ဂီတလှပဝေဆာ (သင်းသင်းမြတ်)

**“အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး” ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

**၁။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား)**
- (က) မြန်မာသီချင်းဆိုရအောင် (လှမြင့်ဝင်း)
- (ခ) လူချွန်လူကောင်း (ကိုအံ့ကြီး)
- (ဂ) ဥမကွဲသိုက်မပျက် (ကိုင်ဇာ)
- (ဃ) ထာဝရခရီးသည် (ထူးအယ်လင်း)
- (င) ငြိမ်းချမ်းရေးပန်းခင်း (ခိုင်ထူး)

**၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသမီး)**
- (က) အိမ်မက်ရွှေဒဂ်ါး (မကြည်အောင်)
- (ခ) မြန်မာ့အားအင် (လီလီကြာညွန့်)
- (ဂ) ကမ္ဘာတည်သရွေ့ မြန်မာပြည်ရှိနေမှာ (ဟေမာနေဝင်း)
- (ဃ) ဂီတရေစီးကြောင်း (ရီရီသန့်)
- (င) ငြိမ်းချမ်းရေးပန်းခင်း (လေးလေးဝါး)

**၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)**
- (က) ဖေဖေပြောသောပုံပြင် (မောင်တင်ဝင်း)
- (ခ) ကျေးရွာဝါဒ (ကိုအံ့ကြီး)
- (ဂ) အကျင့်ဆိုး (သန်းမြတ်စိုး)
- (ဃ) နေ့သစ် (စိုင်းထီးဆိုင်)

**၄။ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)**
- (က) ဗိုလ်ရှုသဘင် (မြသက်မူ)
- (ခ) ရွှေအဆင်းနဲ့ပြည်မြန်မာ (နွဲ့ယဉ်ဝင်း)
- (ဂ) မြစ်ကြီးဧရာဝတီ (မြင့်မြင့်ခင်)
- (ဃ) မြန်မာပြည်ခရီးစဉ် (ထား)

**“စောင်း” ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

**၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) ဖြူပြာမူရာ (ပတ်ပျိုး)
- (ခ) တောတောင်စွယ် (ယိုးဒယား)
- (ဂ) ထောင်ရောင်နေ (သီချင်းခံ)
- (ဃ) စိန်မြရံချယ် (မွန်)
- (င) ဘုန်းများများမင်း (ပတ်ပျိုး)
- (စ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
- (ဆ) အောင်မြေသာစံ (ပတ်ပျိုး)
- (ဇ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)

**၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) ခါနွေဆန်း (ယိုးဒယား)
- (ခ) ရေယမုန် (ပတ်ပျိုး)
- (ဂ) ညာသပြေဘောင် (ကြိုး)
- (ဃ) ညဥ့်သုံးယံခါ (ပတ်ပျိုး)
- (င) ခိုင်ပန်းစုံ (ယိုးဒယား)

**၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) ပန်းဟောဝန် (ယိုးဒယား)
- (ခ) ရွှန်းရွှန်းမြ (သီချင်းခံ)
- (ဂ) ဆီးနှင်းပြိုက်ကြ (ကြိုး)

**၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) မှိုင်းရိပ်ကယ်တည့် (ကြိုး)
- (ခ) တောဟောဝန်လယ် (ယိုးဒယား)
- (ဂ) သည်ဆောင်းဟေမာန် (ဘွဲ့)

**၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) ကန္တာလေတောခြေ (ယိုးဒယား)
- (ခ) မြတ်ပလ္လင်တော်ရှေ့ (ဘွဲ့)
- (ဂ) သီလာမြေယံ (ကြိုး)

**“စန္ဒယား” ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

**၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) တောမြိုင်ခြေလမ်း (ယိုးဒယား)
- (ခ) ယမုန်နာ (ပတ်ပျိုး)
- (ဂ) ပန်းမြိုင်လယ် (ယိုးဒယား)
- (ဃ) ကောင်းချီးသဒ်ါ (မွန်)
- (င) မိုဃ်းဒေဝါ- ချိန်ခါလေ (ပတ်ပျိုး)
- (စ) ယသော်ဓရာ (ယိုးဒယား)
- (ဆ) သေနင်္ဂမည် (မိုးဘွဲ့ပတ်ပျိုး)
- (ဇ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)

**၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) သောင်းရွှေလယ် (ယိုးဒယား)
- (ခ) မွှေးလွန်းသည့်ပန်း (ကာလပေါ်) စန္ဒရားချစ်ဆွေ (Key-A$^{b}$)
- (ဂ) ချစ်သမျှကို (ပတ်ပျိုး)
- (ဃ) တောဟောဝန်လယ် (ယိုးဒယား)
- (င) ပန်းဟောဝန် (ယိုးဒယား)

**၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) မဲဇာတောင်ခြေ (ပတ်ပျိုး)
- (ခ) ချစ်ဦးမောင့်ထံပြန်လာပါ (ကာလပေါ်)ဟသ်ာတအောင်တင်ဝင်း (Key-E$^{b}$)
- (ဂ) မှော်ရုံဟောဝန် (ယိုးဒယား)

**၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) မြိုင်ယံရွှေလှျံ (ပတ်ပျိုး)
- (ခ) ချောကလျာ (ကာလပေါ်)စန္ဒရားချစ်ဆွေ(Key-E$^{b}$)
- (ဂ) အောင်မင်္ဂလာ (ယိုးဒယား)

**၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) မင်္ဂလာသီရိမြေမြတ်စွာ (ဘွဲ့)
- (ခ) သောင်းသောင်းညံ (ယိုးဒယား)
- (ဂ) နှစ်ယောက်ထဲနေချင်တယ် (ကာလပေါ်)မာမာအေး (Key-F)

**“ပတ္တလား” ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

**၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) ထွန်းလင်းလျှံလက် (ပတ်ပျိုး)
- (ခ) ညာသပြေဘောင် (ကြိုး)
- (ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
- (ဃ) အောင်မင်္ဂလာ (ယိုးဒယား)
- (င) ညင်းညင်း (မွန်)
- (စ) ဟေမဝန်ချာ (ဘွဲ့)
- (ဆ) ခိုင်ပန်းစုံ (ထပ်တွန့်ယိုးဒယား)
- (ဇ) ရွှေပန်းပန်အစချီကိုယ်တော်နှင်းနံ့ (လေးထွေသံကပ်) (လေးပေါက် အောက်ပြန်ဖြင့် တီးရပါမည်)

**၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
- (ခ) အမင်းမင်းခယ (သီချင်းခံ)
- (ဂ) အောင်မြေမြမန်း (ပတ်ပျိုး)
- (ဃ) ဩဘာမင်္ဂလာ (ဘွဲ့)
- (င) ရီရီဆိုင်းဆိုင်း (ကြိုး)

**၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) ရှစ်စုံရွှက်ကြာ (ပတ်ပျိုး)
- (ခ) နှင်းယွန်းခါဟေမန် (ယိုးဒယား)
- (ဂ) မှိုင်းရိပ်ကယ်တည့် (ကြိုး)

**၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) ညဥ့်သုံးယံခါ (ပတ်ပျိုး)
- (ခ) ကျွန်းကျွန်းပိုင်သ (ကြိုး)
- (ဂ) သောင်းသောင်းညံ (ယိုးဒယား)

**၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) သီလာမြေယံ (ကြိုး)
- (ခ) မင်္ဂလာသီရိ (ဘွဲ့)
- (ဂ) ဟေမန်ပွေဟန် (ပတ်ပျိုး)

**“နှဲ” ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

**၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား)**
- (က) တောင်ယံတောလေး (မွန်)
- (ခ) တောမြိုင်ခြေလမ်း (ယိုးဒယား)
- (ဂ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
- (ဃ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
- (င) မဲဇာတောင်ခြေ (ပတ်ပျိုး)
- (စ) အောင်မြေသာစံ (ပတ်ပျိုး)
- (ဆ) ညင်းညင်း (မွန်)
- (ဇ) အောင်မင်္ဂလာ (ယိုးဒယား)

**၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား)**
- (က) ရေယမုန် (ပတ်ပျိုး)
- (ခ) လေပြည်ဆော်သွင်းမြူး (ယိုးဒယား)
- (ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
- (ဃ) ပန်းညောင်လှိုင်ဘွဲ့ (ယိုးဒယား)
- (င) ပန်းဟောဝန် (ယိုးဒယား)

**၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)**
- (က) မှိုင်းရိပ်ကယ်တည့် (ကြိုး)
- (ခ) လွမ်းဘွဲ့စေ (ပတ်ပျိုး)
- (ဂ) အတိုင်းမသိမင်္ဂလာ (မင်္ဂလာဩဘာဘွဲ့)

**၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား)**
- (က) မြန်ခန်းကျွန်းတွင်း (ကြိုး)
- (ခ) မင်္ဂလာသီရိ (ဘွဲ့)
- (ဂ) မြိုင်ယံရွှေလျှံ (ပတ်ပျိုး)

**၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား)**
- (က) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)
- (ခ) လာချေပြီ (ကြိုး)
- (ဂ) ထွေတလာ (ကြိုး)

**“ပလွေ” ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

**၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား)**
- (က) ကောင်းချီးသဒ်ါ (မွန်)
- (ခ) ကြံကြံဖန်ဖန် (ယိုးဒယား)
- (ဂ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
- (ဃ) ထောင်ရောင်နေ (သီချင်းခံ)
- (င) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
- (စ) မန်းတောင်လက်ျာ (ယိုးဒယား)
- (ဆ) ညဥ့်သုံးယံခါ (ပတ်ပျိုး)
- (ဇ) စိန်ကြောင်နီလာ (ပတ်ပျိုး)

**၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား)**
- (က) ချစ်သမျှကို (ပတ်ပျိုး)
- (ခ) မှော်ရုံဟောဝန် (ယိုးဒယား)
- (ဂ) ရွှန်းရွှန်းမြ (သီချင်းခံ)
- (ဃ) ယမုံနာ (ပတ်ပျိုး)
- (င) သောင်းသောင်းညံ (ယိုးဒယား)

*စာမျက်နှာ ၁၆ သို့*

စာမျက်နှာ ၁၅ မှ

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)

(က) ကျွန်းကျွန်းပိုင်သ (ကြိုး)
(ခ) ဂန္ဓမာရိပ်သာ (ပတ်ပျိုး)
(ဂ) ဂန္ဓမာတောင် (ဘွဲ့)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား)

(က) လွဲ့လွဲ့စိမ်းရောင် (ကြိုး)
(ခ) ဟေမဝန်ချာ (ဘွဲ့)
(ဂ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား)

(က) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)
(ခ) ဇေယျာမြို့ (ကြိုး)
(ဂ) မင်းလမ်းစပ်ကာ (ကြိုး)

**“တယော” ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) အောင်မင်္ဂလာ (ယိုးဒယား)
(ခ) စိန်ကြောင်နီလာ (ပတ်ပျိုး)
(ဂ) မိုးလုံးပတ်လည် (ပတ်ပျိုး)
(ဃ) သာဆန်းရဂုံဖွေ (ပတ်ပျိုး)
(င) မန်းတောင်လက်ယာ (ယိုးဒယား)
(စ) မြန်ချာမြေကို (ပတ်ပျိုး)
(ဆ) ခိုင်ပန်းစုံမှုံမာလာ (ယိုးဒယား)
(ဇ) နှင်းယွန်းခါဟေမန် (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) မြိုင်ကြီးဟေမာ (ယိုးဒယား)
(ခ) မြိုင်ယံရွှေလှျံ (ပတ်ပျိုး)
(ဂ) သီတာရတနာ (ကာလပေါ်)
(ဃ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
(င) တောဟေဝန်လယ် (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) မေတ္တာဂုဏ် (ကာလပေါ်)ပြည်လှဖေ
(ခ) နန်းဘုံသီဟာဘွေ (ယိုးဒယား)
(ဂ) ကျွန်းကျွန်းပိုင်သ (ကြိုး)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) မဟာဇနက္က (ကာလပေါ်)
(ခ) မှန်ရဝေ (ပတ်ပျိုး)
(ဂ) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ဆန်းနွေဦး (ယိုးဒယား)
(ခ) တိမ်တမန် (ကာလပေါ်)
(ဂ) ရွှေပြည်ကြီးရော (ကြိုး)

**“မယ်ဒလင်” ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ဖော်ကွာဝေး (ယိုးဒယား)
(ခ) ရွှေပြည်တော်သည် (ပတ်ပျိုး)
(ဂ) မန္တလာဘုံ (ဘွဲ့)
(ဃ) ကျွန်းကျွန်းပိုင်သ (ကြိုး)
(င) အမင်းမင်းခရ (သီချင်းခံ)
(စ) မြူဝန်းလို့ခို (ပတ်ပျိုး)
(ဆ) ဂန္ဓမာတောင် (ဘွဲ့)
(ဇ) တောမြိုင်စွန်းကလွမ်းအောင်ဖန် (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ညဥ့်သုံးယံခါ (ပတ်ပျိုး)
(ခ) သူဌေးဝါဒ (ကာလပေါ်)
(ဂ) အတိုင်းမသိ (ဘွဲ့)
(ဃ) လူမနှော (ပတ်ပျိုး)
(င) ပန်းဟေဝန် (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ဘုံဆောင်မြင့် (ကြိုး)
(ခ) ဂုဏ်တော်ဖွင့် (ကာလပေါ်)
(ဂ) ဆန်းနွေဦး (ယိုးဒယား)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) သည်ဆောင်းဟေမန် (ဘွဲ့)
(ခ) ပွင့်ဦး (ကာလပေါ်)
(ဂ) ကုဏ္ဍလာလာအိုင်ဘွဲ့ (ယိုးဒယား)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ဝေဘာဂီရိ (ကြိုး)
(ခ) မြမန်းဂီရိ (ယိုးဒယား)
(ဂ) မင်္ဂလာဆယ့်နှစ်ပါး (ကာလပေါ်)

**“ဂီတာ” ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) အောင်မင်္ဂလာ (ယိုးဒယား)
(ခ) ဘုန်းမိုးသွန်းလောင်း (သီချင်းခံ)
(ဂ) ပုံပမာ (ကြိုး)
(ဃ) မြူဝန်းလို့ခို (ပတ်ပျိုး)
(င) မန္တလာဘုံ (ဘွဲ့)
